# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့တွင် အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ၌ ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ဆင့်ရရင့်ငယ်လေး (ပတ်ပျိုး)” သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်


*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

**ငြိမ်းချမ်းရေးအထင်ကရ NCA နှင့် အတူ ယုံကြည်နားလည်မှုများဖြင့် ရှေ့ဆက်မြဲရှေ့ဆက်နေမည်**


ဆောင်းပါး စာ ၆


**ငြိမ်းချမ်းသည့်ကွေ့လင်၊ တောက်ပသည့် လီမြစ်နှင့် အစိမ်းရောင် ရေပြင်ပေါ်က အတွေးတစ်စ**


ဆောင်းပါး စာ ၁၀





# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၁ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါ်မိုးမိုးအေး အား ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၂ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါက်တာ အောင်ထွန်းလင်း အား ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေး အဖွဲ့ခေါင်းဆောင် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr Vladimir Sukolinsky ဦးဆောင်သည့်အဖွဲ့နှင့် ရုရှား-မြန်မာချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskyတို့သည် ယနေ့နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အား ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် GTL ကုမ္ပဏီမှ ဒေါက်တာစိန်ထူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းနိုင်ငံ ဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်၍ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ရင်းနှီးမှုကို တိုးမြှင့်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလာရောက် ဖျော်ဖြေပေးသည့် အဖွဲ့၏တင်ဆက်မှုကို MRTV သတင်းများတွင် ပြည့်စုံစွာ ထည့်သွင်းထုတ်လွှင့်ပြီး အကျယ်တဝင့် ဖော်ပြပေးလျက် ရှိပါကြောင်း၊ မြန်မာ – ရုရှား – ဘယ်လာရုစ် သုံးနိုင်ငံပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရုရှား – မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky နှင့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr Vladimir Sukolinsky တို့က မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး နိုင်ငံသူ၊ နိုင်ငံသားများက ယဉ်ကျေးပျူငှာ ဖော်ရွေမှုရှိကာ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခွင့်ရရှိသဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးနှင့် ပြင်ဦးလွင်တို့၌ ဖျော်ဖြေခဲ့ကြပြီး ဖြစ်ကြောင်းနှင့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်ကော်တက္ကသိုလ်၌ အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ်အဝေးသင်သင်တန်းမှ ကျောင်းသား ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

*❖ ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ဇမ္ဗူရောင်ကွန့် (ဘွဲ့)” သီချင်းဖြင့်**လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**“ခေတ်ဟောင်း/ကာလပေါ်”**တေးသီချင်းအဆို**ပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“အတုအယောင်”သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ကောက်ရိတ်ချိန်” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မမေ့သောအညာ” သီချင်းဖြင့်** လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အကပြိုင်ပွဲ** ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဒုံမင်းအတီးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသား**ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟောမာ (ယိုးဒယား)”** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၅ သို့*



“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်စည်သူမင်းထက် သီဆိုယှဉ်ပြိုင်စဉ်။



“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဟံသာမင်း သီဆိုယှဉ်ပြိုင်စဉ်။




“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်လျှံဘုန်းသစ် သီဆိုယှဉ်ပြိုင်စဉ်။



“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ သီဆိုယှဉ်ပြိုင်စဉ်။



“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မထက်အိန္ဒြေလင်း (ခ) စံနမ္မ သီဆိုယှဉ်ပြိုင်စဉ်။



“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမာသ သီဆိုယှဉ်ပြိုင်စဉ်။




“ခေတ်ဟောင်း/ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မဟေမန်ကျော် သီဆိုယှဉ်ပြိုင်စဉ်။




“ခေတ်ဟောင်း/ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသက်သက်နွေးနိုင် သီဆိုယှဉ်ပြိုင်စဉ်။




အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။




အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။




အကပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။




အကပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၄ မှ*

ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မဟာဇနက(ကာလပေါ်)”** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ဟေမာ(ယိုးဒယား)”** သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီး**ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟေမာ(ယိုးဒယား)”** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“အနန္တငါးဖြာ(ကာလပေါ်)”** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး**ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဆန်းဆန်းသဏ္ဌာကြာညောင်(ယိုးဒယား)”** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ **တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)” သီချင်းဖြင့်**လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟေမာ(ယိုးဒယား)”သီချင်းဖြင့်**လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟေမာ(ယိုးဒယား)” သီချင်းဖြင့်**လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ယမုံနာ(ပတ်ပျိုး)” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မင်းလမ်းစပ်ကာ(ကြိုး)” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)” သီချင်းဖြင့်**လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲဒုတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ဘယ်လာရုစ်တေးဂီတအဖွဲ့တို့က လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရိုးရာအကများကို နှစ်စဉ်မဲနှိုက်ရွေးချယ်၍ ယှဉ်ပြိုင်ရသည့်အစီအစဉ်ကို နှစ်စဉ် ထည့်သွင်းကျင်းပလေ့ရှိပြီး ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ “ယန်းအက” ကို ပြိုင်ပွဲတတိယနေ့တွင် ပြိုင်ပွဲဝင်များက ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




ဒုံမင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်ဂျွန်လိုင်လင်း တီးခတ်ယှဉ်ပြိုင်စဉ်။



ဒုံမင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်သာတိုးအောင် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် ( ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မအိမ့်သံစဉ်မှူး တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မသဲအိမွန် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်မင်းသူ တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ထက်ဝေယံ တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မဝင့်ဝါဖူးပွင့်အောင် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မမေသီရိကျော် တီးခတ်ယှဉ်ပြိုင်စဉ်။




ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။




ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေးအထင်ကရ NCA နှင့် အတူ ယုံကြည်နားလည်မှုများဖြင့်ရှေ့ဆက်မြဲရှေ့ဆက်နေမည်

မြန်မာ့ငြိမ်းချမ်းရေး အထင်ကရ မှတ်တိုင်တစ်ခု Nationwide Ceasefire Agreement ဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး NCA ငြိမ်းချမ်းရေးခရီးက အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၁၀)နှစ် ရှိသွားပါပြီ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သမိုင်းဝင်စာချုပ်ကြီး၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများ၊ ကူညီအားပေးခဲ့သူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အသိသက်သေပုဂ္ဂိုလ်များ သက်ရှိထင်ရှားရှိဆဲဖြစ်သည်။ သို့သော်လည်း ယခုအချိန်အထိ ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေရသူများရှိသလို ဖျက်ဆီးနေကြသူများလည်း ရှိနေသည်။

မိုးမြင့်

**"ယခုလို အခြေအနေမှာ ယာယီနေထိုင်ရန်မျှ၊ နယ်မြေအကန့်အသတ် သဘောတူညီချက်မျှ၊ ဒေသဖွံ့ဖြိုးရေးသဘောတူညီချက် (Gentleman Agreement) မျှဖြစ်ရုံမက အမျိုးသားစည်းလုံးညီညွတ်ရေးအထိ သွားနေပြီဖြစ်သည်။ ယခု ၂၀၂၂ အလွန် နိုင်ငံရေး၊ စစ်ရေး၊ ငြိမ်းချမ်းရေးအပြောင်းအလဲများမှ ဖားနှင့်ငါး၊ ရန် ငါ၊ အပြုနှင့်အဖျက်၊ ဓမ္မနှင့်အဓမ္မ ကွဲပြားသွားပုံကို ပြည်သူများ၊ တိုင်းရင်းသားများ ဒိဋ္ဌဓမ္မသိသွားခဲ့ကြသည်က အရှုံးထဲမှ အမြတ်တစ်ခု။ တိုင်းရင်းသားအမည်ခံ၊ တော်လှန်ရေးအမည်ခံ လက်နက်ကိုင်များ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အချို့အချို့သော တိုင်းရင်းသားပါတီများ၊ Political players နိုင်ငံရေးပါတီများသာ ရှင်းရှင်းလင်းလင်း သိရှိနားလည်သဘောပေါက်ကြရန်သာလို"**

### ဒို့တာဝန်အရေးသုံးပါးနှင့် ငြိမ်းချမ်းရေးတို့က ဆက်စပ်နေ

၁၈၈၅ ခုနှစ်က ဆုံးရှုံးခဲ့ရကာ ခက်ခက်ခဲခဲ တိုက်ယူခဲ့ရပြီးမှ ပြန်လည်ရရှိခဲ့သည့် လွတ်လပ်ရေးကြီးဖြစ်၍ ပြန်လည်မဆုံးရှုံးရအောင် အရင်းအနှီးမြောက်မြားစွာ ပေးဆပ်ကာကွယ်နေရသည်။ လူ့အသက်ပေါင်းများစွာ ပေးဆပ်ထားရသည့်အတွက်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာတန်ဖိုးက ကြီးမားလှသည်။ လွတ်လပ်ရေးနှင့်အတူ သန္ဓေတည်ခဲ့သည့် ခွဲထွက်လိုမှု၊ မညီညွတ်မှု၊ လက်နက်ကိုင်ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုများက ယခုတိုင် ရှိနေဆဲ။ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများလည်း ပြင်းထန်နေဆဲပင်။

သမိုင်းအဆက်ဆက်၊ အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြသည်သာ။ သို့သော် ထာဝရငြိမ်းချမ်းရေးကား မရသေး။ ကျွန်တော်တို့ မှတ်မိသည်က တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးကို ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရလက်ထက် အစောပိုင်းကာလများ ကတည်းက ဖိတ်ခေါ်ခဲ့သည်ဆိုသောအချက်တစ်ခု။ ထိုစဉ်မှစ၍ ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ ငြိမ်းချမ်းရေးစကား ပြောခဲ့ကြသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကို လုံးဝအထိခံ၍ မရသည်မှာ ရှင်းပါသည်။ ထိုအရေးသုံးပါး မစဉ်းစားဘဲ ငြိမ်းချမ်းရေးကို လုံးဝဆောင်ရွက်၍ မဖြစ်နိုင်သည်မှာလည်း ရှင်းလှသည်။ မြန်မာနိုင်ငံသမိုင်းကြောင်းအရ ဒို့တာဝန်အရေးသုံးပါးနှင့် ငြိမ်းချမ်းရေးကို မဆက်စပ်၍ ဘယ်လိုမှ မဖြစ်နိုင်သည်မှာ ထင်ရှားပါသည်။

### စိတ်ရှည်၊ သည်းခံ၊ နားလည်၊ ယုံကြည်ချက်များဖြင့်

အထူးသဖြင့် ယခုလို နိုင်ငံရေး သမိုင်းကြောင်းအချိုးအကွေ့တစ်ခု၊ ဒီမိုကရေစီ အလှည့်အပြောင်းတစ်ခုတွင် ဒီမိုကရေစီနှင့်ကိုက်ညီသည့် ထာဝရငြိမ်းချမ်းရေးဖြစ်ဖို့က ပို၍ အရေးကြီးနေပါသည်။ ထိုသို့ ဒို့တာဝန်အရေးများနှင့် ငြိမ်းချမ်းရေးအရေးကြီးပုံကို တပ်မတော်အစိုးရအဆက်ဆက်နှင့် တပ်မတော်က ကောင်းစွာသဘောပေါက်သည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးအတွက်ဆိုလျှင် တပ်မတော်ဘက်က ဘယ်တော့မှ လက်မနှေး၊ ဝန်မလေးခဲ့ပါ။ စိတ်ရှည်၊ သည်းခံ၊ နားလည်မှု၊ ယုံကြည်မှုအပြည့်ဖြင့် လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးစားပွဲဆီ ဖိတ်ခေါ်မြဲ ဖိတ်ခေါ်နေခဲ့သည်။

ယခုလို အခြေအနေမှာ ယာယီနေထိုင်ရန်မျှ၊ နယ်မြေအကန့်အသတ်သဘောတူညီချက်မျှ၊ ဒေသဖွံ့ဖြိုးရေးသဘောတူညီချက် (Gentleman Agreement) မျှဖြစ်ရုံမက အမျိုးသားစည်းလုံးညီညွတ်ရေးအထိ သွားနေပြီဖြစ်သည်။ ယခု ၂၀၂၂ အလွန် နိုင်ငံရေး၊ စစ်ရေး၊ ငြိမ်းချမ်းရေးအပြောင်းအလဲများမှ ဖားနှင့်ငါး၊ အပြုနှင့်အဖျက်၊ ဓမ္မနှင့် အဓမ္မ ကွဲပြားသွားပုံကို ပြည်သူများ၊ တိုင်းရင်းသားများ ဒိဋ္ဌဓမ္မသိသွားခဲ့ကြသည်က အရှုံးထဲမှ အမြတ်တစ်ခု။ တိုင်းရင်းသားအမည်ခံ၊ တော်လှန်ရေးအမည်ခံလက်နက်ကိုင်များ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အချို့အချို့သော တိုင်းရင်းသားပါတီများ၊ Political players နိုင်ငံရေးပါတီများသာ ရှင်းရှင်းလင်းလင်း သိရှိနားလည်သဘောပေါက်ကြရန်သာ လိုပါသည်။

### ထာဝရငြိမ်းချမ်းရေးအတွက် လမ်းပြမြေပုံဖြစ်ဆဲ

NCA သမိုင်း၏ အစသည် ၂၀၁၁ ခုနှစ် နိုင်ငံတော်က စတင်ဖော်ဆောင်သည့် ထာဝရငြိမ်းချမ်းရေး လမ်းပြမြေပုံမှ အစပြုခဲ့သည်ဟု အမှတ်ရမိပါသည်။ ထိုမှ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (Union Peace Central Committee–UPCC) ဖြစ်ပေါ်လာသည်။ ထို့နောက် ၂၀၁၃ ခုနှစ် လိုင်ဇာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ညီလာခံမှ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမည့် NCA ညှိနှိုင်းရေးအဖွဲ့ ဖြစ်ပေါ်လာသည်ဟု ဆိုရမည်။

ထိုမှတစ်ဆင့် ပထမမူကြမ်းကို သဘောတူညီမှုရခဲ့သည်။ မူကြမ်းအပေါ် အကြိမ်ကြိမ် အကျေအလည် ညှိနှိုင်းခဲ့၊ ဆွေးနွေးခဲ့ကြပြီးမှ သဘောတူညီချက်မူချောကို ရခဲ့ကြခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များ၏ တင်ပြချက်အားလုံးနီးပါးအပေါ် သဘောတူညီခဲ့ကြပြီးမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ စာချုပ်ချုပ်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် ၈ ဖွဲ့ ပါဝင်ခဲ့ကြရာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်လွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ ကိုယ်စားပြုသည့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအပြင် အစိုးရနှင့်လွှတ်တော်များ အပိုင်းကလည်း ဝိုင်းဝန်းကြိုးစားခဲ့ကြသည်။ ပြည်တွင်းအသိသက်သေများအဖြစ် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စာချုပ်ညှိနှိုင်းရေးမှူးများ၊ နှစ်ဖက်သက်သေများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ နိုင်ငံတကာ အသိသက်သေများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်၊ အိန္ဒိယသမ္မတနိုင်ငံမှ နိုင်ငံတော်လုံခြုံရေးဆိုင်ရာအကြံပေး၊ ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံမှ နိုင်ငံခြားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။

သံသယကင်းကင်းဖြင့် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သည်းခံမှု၊ သဘောထားကြီးမှုများစွာဖြင့် စာချုပ်တစ်ခု ဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်တွင် နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ စာချုပ်တွင် ပူးပေါင်းပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။ NCA စာချုပ်ပါအခြေခံမူများကား ကျယ်ပြန့်နက်ရှိုင်းသည့်အတွက် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်အဆုံးသတ်ရေးအတွက်လည်း အခြေခံအာမခံချက်များ ဖြစ်နေသည်။ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်လိုချင်သည့် တိုင်းရင်းသားပြည်သူများအတွက် ထာဝရငြိမ်းချမ်းရေး လမ်းပြမြေပုံတစ်ခုဆိုလျှင်လည်း မမှားပါ။

### ယုံကြည်ချက်၊ အမြော်အမြင်နှင့် ပညာဉာဏ် ရှိနေသရွေ့

မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသည် ဘယ်ခေတ်ဘယ်အခါမဆို အရေးကြီးပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးခရီးကို ဆက်ခဲ့သည်။ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မြန်မာ့ဒီမိုကရေစီနှင့် ကိုက်ညီမည့် ငြိမ်းချမ်းရေးအခင်းအကျင်းကို ဘယ်လိုဆက်လက်ပုံဖော်ကြမလဲ။ ပြည်သူများက ငြိမ်းချမ်းရေးကို အထူးငံ့လင့်နေကြသကဲ့သို့ တပ်မတော်ကလည်း မငြိမ်းချမ်းခြင်း၏ဆိုးကျိုးများကို အသိဆုံးဖြစ်သည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးအတွက် ဆက်လက်ညှိနှိုင်းနေရဦးမည်ပင်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး အမြော်အမြင်ကြီးကြီးဖြင့် ရှေ့ဆက်ချီတက်ကြရဦးမည်ဖြစ်သည်။ သို့သော် ယခုအချိန်အထိတော့ မတူကွဲပြားမှုတွေနှင့် ဝေးနေဆဲဖြစ်သည်ဟု ခံစားရသည်။ အကြမ်းဖက်မှုများချုပ်ငြိမ်းရန် လက်နက်ဖြင့် ဖြေရှင်းနေရဆဲ ဖြစ်သည်ကိုလည်း နားလည်သည်။ ထိုလမ်းကို မလျှောက်ချင်သော်လည်း

စာမျက်နှာ ၇ သို့

**❂ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသည် ဘယ်ခေတ်ဘယ်အခါမဆို အရေးကြီးပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးခရီးကို ဆက်ခဲ့သည်။ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မြန်မာ့ဒီမိုကရေစီနှင့် ကိုက်ညီမည့် ငြိမ်းချမ်းရေးအခင်းအကျင်းကို ဘယ်လိုဆက်လက်ပုံဖော်ကြမလဲ။ ပြည်သူများက ငြိမ်းချမ်းရေးကို အထူးငံ့လင့်နေကြသကဲ့သို့ တပ်မတော်ကလည်း မငြိမ်းချမ်းခြင်း၏ ဆိုးကျိုးများကို အသိဆုံးဖြစ်သည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးအတွက် ဆက်လက်ညှိနှိုင်းနေရဦးမည်ပင်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး အမြော်အမြင်ကြီးကြီးဖြင့် ရှေ့ဆက်ချီတက်ကြရဦးမည်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
ရက်
၈၀
သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့နယ်အလိုက် မဲရုံလျာထား သတ်မှတ်ချက်များအတိုင်း လုံခြုံရေးစီမံချက်များ စနစ်တကျ ရေးဆွဲထားရန်နှင့် မဲစာရင်းများအား ရပ်ကွက်/ကျေးရွာအုပ်စုများတွင် အများပြည်သူသိရှိစေရေး ကြော်ငြာဘုတ်ကပ်ရာတွင် ဖျက်ဆီးခံရမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်စာရင်းများ ထုတ်ပြန်ကြေညာပြီးပါက မဲဆွယ်စည်းရုံးစဉ်ကာလအတွင်း ဆောင်ရွက်ရမည့် အပိုင်းလိုက်လုံခြုံရေး ဆိုင်ရာကိစ္စများကိုလည်း ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ကြောင်း၊ ပထမအကြိမ် မဲစာရင်းကိုကြေညာပြီးစီးပြီဖြစ်၍ ဒုတိယအကြိမ် မဲစာရင်း ထပ်မံမကြေညာမီ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကျန်ရှိမှုမရှိစေရေး ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး သတ်မှတ်ပုံစံများ ဖြည့်စွက်မှုမှန်ကန်စေရေး အားလုံး ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မဲစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်း စစ်ဆေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့မှု အခြေအနေများကိုလည်းကောင်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူးက မြို့နယ်အလိုက် မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း ဆိုင်ရာ ကိစ္စရပ်များကို လည်း ကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး နှင့် ပဲခူးမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ က မဲစာရင်းဆိုင်ရာ ကိစ္စရပ်များ နှင့် ပထမအကြိမ် မဲစာရင်းမပါရှိသူများ ဥပဒေနှင့်အညီ ပြန်လည် လျှောက်ထားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာသည့် ဌာနဆိုင်ရာများက မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ မြို့သစ်ရပ်ကွက် မြို့မဈေးကြီးနှင့် အမှတ်(၂) ရပ်ကွက်များသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်း လာရောက်ကြည့်ရှုနေမှုနှင့် မဲပေးစက်အသုံးပြုပုံ သရုပ်ပြခြင်းတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင်ပါရှိနိုင်ရေးနှင့် မဲစာရင်းကျန်ရှိမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

လျှောက်နေရဆဲဖြစ်သည်ကို သဘောပေါက်သည်။

ထို့ကြောင့်လည်း NCA (၁၀)နှစ်ပြည့်၌ ဖိတ်ခေါ်မြဲ ဆက်လက်ဖိတ်ခေါ်နေရပါဦးမည်။ စစ်ပွဲမပါဘဲ ငြိမ်းချမ်းရေးအတွက် ဖြေရှင်း၍ရနိုင်သေးသည် ဟူသော ယုံကြည်ချက်ရှိနေသေး၍ဖြစ်ပါသည်။ ဝေးနေသောအရာတွေကို နီးကပ်အောင်ဆောင်ကြဉ်း ပေးနိုင်မည့် ပညာဉာဏ်ရှိနေ၍ ဖြစ်သည်။ အကြမ်းမဖက်၊ အနုပညာဆန်သော၊ ကျွမ်းကျင်မှု အရည်အသွေးများ ရှိနေသေးသည်ဟု ခံယူထား၍ဖြစ်သည်။ ဆန့်ကျင်ဘက်အမြင်များ လျှော့နိုင်ကြလျှင်၊ အကျိုးစီးပွားချင်းမတူသည်များကို ဘုံအကျိုးစီးပွားအဖြစ် မြင်လာလျှင် ငြိမ်းချမ်းရေးကစားပွဲက တကယ်ပြီးပါပြီ။

နိုင်ငံတော်နှင့် အချုပ်အခြာအတွက် ငါ့မှာ တာဝန်ရှိနေသည်ဟု ခံယူလိုက်လျှင် ဘယ်လောက် ကောင်းမလဲ၊ နိုင်ငံတော်အတွက် မစဉ်းစားတတ်သေးလျှင်တောင် စစ်ဘေးသင့်သည့် ငါ့ပြည်နယ်၊ ငါ့ဒေသ၊ ငါ့လူမျိုးအတွက် အနည်းငယ်မျှ စဉ်းစားမိလျှင်ပင် အတော်အကျိုးကျေးဇူးများနေပါပြီ။ ငါတို့ လုပ်တာကိုင်တာများသည် ဒီမိုကရေစီအတွက်လား၊ နိုင်ငံအရေးလား၊ လူတစ်စု၊ တစ်ဖွဲ့၊ တစ်ပါတီ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အတွက်လား ပညာရှိရှိ စဉ်းစားတတ်ပါစေ။ ငါ့အမြင် ငါ့ရှုထောင့်က စဉ်းစားသမျှ အတွေးဟူသမျှမှာ တစ်ဖက်အကျိုးအတွက်လည်း ထည့်သွင်းစဉ်းစားပေးခြင်းမျိုးကသာ ပညာရှိတို့၏ စိတ်ထားဖြစ်သည်ကို မမေ့ပါနှင့်။

ငါကလည်း သူ့အတွက်စဉ်းစားပေးနေလျှင်၊ သူလည်း ကိုယ့်အတွက် တွေးပေးနေမည်ဖြစ်ကြောင်း အသိမျိုးက နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။ စေ့စပ်ညှိနှိုင်းခြင်းဟူသည် အပေးအယူ၊ အလျှော့အတင်းများစွာဖြင့် နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိအောင် စကားပြောရ၊ လုပ်ကိုင်ပြရခြင်းဖြစ်၍ အလွန်ပညာဆန်ပါသည်။ ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်လမ်းစဉ် ရွေးတတ်သူကိုသာလျှင် သတ္တိရှိသူဟုလည်းဆိုကြ၍ သတ္တိရှိရှိ အမြော်အမြင်ရှိရှိဖြင့် ငြိမ်းချမ်းရေးလိုလားသူများ အမှန်ဖြစ်စေချင်ပါသည်။

ထို့ကြောင့်လည်း ယခု (၁၀) နှစ်ပြည့် NCA နှစ်ပတ်လည်အခမ်းအနားကို အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာကျင်းပရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲအလွန် နိုင်ငံရေး အခင်းအကျင်းနှင့်အတူ ငြိမ်းချမ်းရေးလမ်းပြမြေပုံကို ဘယ်လို ဆက်လက်ပုံဖော်ကြမလဲဆိုတာ ပြည်သူများက စိတ်ဝင်စားနေကြသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အချိန်ကောင်းဟူသည် နှောင်းသည်ဟူ၍ ဘယ်တော့မှ မရှိပါ။ ယနေ့လုပ်၊ ယနေ့အကျိုးရှိသည်သာ။

နိုင်ငံတော်တည်ဆောက်ရေးအတွက် Nation building၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်ရေးအတွက် အရေးတကြီး လုပ်စရာတွေ များစွာရှိနေပါသည်။ စစ်ပွဲများက အဖြေမဟုတ်ဆိုသည်ကို တပ်မတော်ကော ပြည်သူပါ သိပါသည်။ ငြိမ်းချမ်းရေးလိုချင်လွန်း၍သာ စစ်ကို တိုက်နေရသည်ဆိုသည့် အမြင်ရှင်းရှင်းလင်းလင်း ဖြစ်ရန်သာလိုသည်။ ယခုအထိ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များကား အပြုသဘောဆောင်ဆဲ ဖြစ်ပါသည်။ အကောင်းမြင်ဆဲဖြစ်ပါသည်။ ငြိမ်းချမ်းရေး အလင်းတံခါးကိုလည်း ဖွင့်မြဲဖွင့်ထားဆဲ ဖြစ်ပါသည်။ ။

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)က ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များ လာရောက်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) မှတစ်ဆင့် နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များကို ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

နံနက်ပိုင်းတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ နှင့် ခြင်ထောင်အလုံး ၄၀၀ တို့ကို နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အတူ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ကို အဆိုပါဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)



ဥက္ကဋ္ဌသည် ကျန်းမာရေးဝန်ကြီးဌာနရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ဆေးပေးခန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) မှတစ်ဆင့် ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လာရောက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများသည် KG မှစ၍ အခြေခံပညာတန်းစဉ်များတွင် ကြိုးစားအားထုတ်ခဲ့မှုများ၏ အသီးအပွင့်များကို ခံစားကြရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်



ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပြသသွန်သင်ပံ့ပိုးပေးခဲ့ကြသည့် ဆရာ ဆရာမများ၊ မိဘများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟူသည့် ဆိုရိုးအတိုင်း ယနေ့ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ မျိုးဆက်သစ်လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည်ဖြစ်သဖြင့် မိမိတို့သင်ကြားတတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံ့အကျိုး၊ လောကအကျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုးနိုင်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ကျောင်းသားကျောင်းသူများကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင် လူရည်ချွန် မောင်ဘုန်းကျော်မြတ်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသားသီချင်းဖြင့် ဂုဏ်ပြုသီဆိုသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့် တစ်ဦး၊ (၅)ဘာသာဂုဏ်ထူးဖြင့် နှစ်ဦး၊ (၄) ဘာသာ ဂုဏ်ထူးဖြင့် လေးဦး၊ (၃) ဘာသာဂုဏ်ထူးဖြင့် ၁၀ဦး၊ (၂)ဘာသာဂုဏ်ထူးဖြင့် ၁၆ဦး၊ (၁) ဘာသာဂုဏ်ထူးဖြင့် ၂၃ ဦးနှင့် ရိုးရိုး ၁၄၄ ဦး စုစုပေါင်း ၂၀၀ အောင်မြင်ခဲ့ရာ အဆိုပါ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




**ခရမ်း အောက်တိုဘာ ၈**

ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့ အထက (၂) မြို့မ မြို့မဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် ခရမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ၂၁ ဦး၊ အလယ်တန်းအဆင့် ၁၆ ဦး၊ အထက်တန်းအဆင့် ၁၀ ဦး၊ စုစုပေါင်း ၄၇ ဦးတို့က မိမိတို့ကြိုက်နှစ်သက်ရာ ပန်းချီပုံများဖြင့် ရေးဆွဲယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင် ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူများထဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၅ ဦးသည် ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် ခရိုင်အဆင့်ပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

**မိုး/ဇလ**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်



နေပြည်တော် အောက်တိုဘာ ၈

**ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်းရှိအလုပ်ဌာနများမှ အလုပ်ရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် တစ်မျိုးသားလုံးအကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်ဟူသော ရည်မှန်းချက်နှင့်အညီ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ် ၆ မျိုးအနက် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသော ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့် မိသားစုထောက်ပံ့မှုအာမခံစနစ်တို့အား လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ခွင့်ပြုထုတ်ပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ပညာသင်စရိတ်လျှောက်ထားလာသည့် အာမခံအလုပ်သမား ၃၈၃၉ ဦး၏ သားသမီး ၅၁၉၇ ဦး အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ်သန်း ၂၂၀ ဒသမ ၅၃၀ သန်း ထောက်ပံ့ပေးအပ်မည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိအာမခံအလုပ်သမား ၇၂၇၉၄ ဦး၏ သားသမီး ၉၅၄၁၂ ဦးအတွက် ငွေကျပ် ၃ ဒသမ ၇၈၇ ဘီလီယံကျော်ကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများထံသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးငလျင်ဘေးသင့်သည့် အာမခံအလုပ်သမား ၆၇၅၇ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ငွေကျပ်သန်း ၅၆၇ ဒသမ ၃၆၅ သန်းကိုလည်း ခွင့်ပြုထုတ်ပေးမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုမှ အာမခံအလုပ်သမား ၇၉၇၉၅ ဦးအတွက် ငွေကျပ် ၆ ဒသမ ၆၇၅ ဘီလီယံကျော် Online Payment စနစ်ဖြင့် ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များကို ကြန့်ကြာမှုမရှိစေဘဲ ခွင့်ပြုထုတ်ပေးဆောင်ရွက်လျက်ရှိပြီး အလုပ်ရှင်၊ အလုပ်သမားများ ယုံကြည်အားထားရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အခိုင်အမာရပ်တည်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်း၊ ငွေကျပ်သန်း ၅၆၇ ဒသမ ၃၆၅ သန်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီဝင်ထံသို့ ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ်သန်း ၂၂၀ ဒသမ ၅၃၀ သန်းကိုလည်းကောင်း လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီရုံးအတွင်း ရွေ့လျားဆေးကုသယာဉ်(MMU)ဖြင့် အာမခံလုပ်သားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာစဉ်။



ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ မြန်မာ့ရိုးရာတူရိယာများ လက်တွေ့တီးခတ်စဉ်။

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှု သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရတနာခန်းမ၌ ပြိုင်ပွဲဝင်များ၏ ဒုံမင်းအတီးပြိုင်ပွဲ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားပြတိုက်၌ "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ သီဆိုယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာတူရိယာများ သရုပ်ပြတီးခတ်ပြသမှုကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် အကပြိုင်ပွဲနှင့် ဆိုင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ကြည်ညို လေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ - ရုရှား - ဘယ်လာရုစ် သုံးနိုင်ငံဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



# ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ၌ မိုးစပါးစိုက်ပျိုးမှုနှင့် ကြက်မွေးမြူနိုင်ရေး ကွင်းဆင်းကြည့်ရှု

**ပျဉ်းမနား အောက်တိုဘာ ၈**

နေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံခြံတွင် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစုပိုင်ဘက်စုံခြံတွင် အောင်နိုင်တိုးစပါးမျိုး မိုးစပါးကေ ၂၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် အသားတိုးကြက်အကောင် ၄၀၀၀ ဆံ့ ကြက်ခြံတည်ဆောက်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မိုးစပါးအချိန်မီရိတ်သိမ်းနိုင်ရေး၊ အသားတိုးကြက်မွေးမြူနိုင်ရေးတို့ကို အသင်းစုတာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရွှေပြည်တော်**

# ငြိမ်းချမ်းသည့်ကွေ့လင်၊ တောက်ပသည့် လီမြစ်နှင့် အစိမ်းရောင်ရေပြင်ပေါ်က အတွေးတစ်စ

မေဦးမိုး

ပြီးခဲ့တဲ့လက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့မှာ (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ကျင်းပခဲ့ပါတယ်။ ပြပွဲကာလအတွင်း တရုတ်နိုင်ငံကို မီဒီယာဖလှယ်မှုအစီအစဉ်နဲ့ ရောက်ရှိနေကြတဲ့ နိုင်ငံအသီးသီးက သတင်းထောက်တွေဟာ လေ့လာသတင်းယူခွင့်ရရှိခဲ့သလို ကွမ်ရှီးပြည်နယ်အတွင်းက ထင်ရှားတဲ့ နန်နင်းမြို့၊ လျူကျိုးနဲ့ ကွေ့လင်မြို့တွေကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပါတယ်။ အဲဒီမြို့တွေမှာ သဘာဝအလှတရား၊ စီးပွားရေးလုပ်ငန်းတွေနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေကို မြင်တွေ့ခွင့်ရခဲ့ပါတယ်။

ဒီအထဲကမှ သဘာဝအလှတရားတွေနဲ့ ပြည့်နှက်နေပြီး နှစ်စဉ် ခရီးသွားလူဦးရေ သန်း ၁၃၀ လောက်ကို ဆွဲဆောင်ထားနိုင်တဲ့ ခရီးသွားမြို့တော်ကွေ့လင်အကြောင်းကို ပြန်လည်မျှဝေပေးလိုပါတယ်။



**“တသွင်သွင်စီးဆင်းနေတဲ့ လီကျန်းမြစ်ရဲ့အလှလို အလှတရားကို ရှမ်းပြည်နယ်အတွင်း မြစ်ဖျားခံစီးဆင်းတဲ့ ဒုဌဝတီ(မြစ်ငယ်)မြစ်မှာ မြင်တွေ့ခဲ့ရဖူးပါတယ်။ စပါးပုံလို ထုံးကျောက်တောင်တွေမရှိပေမယ့် ရင်သပ်ရှုမောဖွယ်ရာ စိမ်းညို့နေတဲ့ တောင်တန်းကြီးတွေရဲ့ အနီးအဝေးမြင်ကွင်းအလှ၊ ကြည်လင်စိမ်းမြနေတဲ့ရေပြင်၊ တစ်ဖက်တစ်ချက်ဆီမှာ လှမ်းကြည့်လိုက်ရင် အသဲတယားယားရင်ဖိုရစေမယ့် ရေတံခွန်တွေနဲ့ မြစ်ကြမ်းပြင်အထိ မြင်တွေ့နိုင်တဲ့ ရေပြင်ရဲ့ သန့်ရှင်းမှုကို ဒုဌဝတီမှာလည်း မြင်တွေ့နိုင်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီအရှေ့ဘက် တောင်တန်းတွေကနေ ကွေ့ကောက်စီးဆင်းလာတဲ့ ဒုဌဝတီဟာ သီပေါမြို့ပတ်ဝန်းကျင်မှာတော့ အလွန်လှပတဲ့ရှုခင်းတွေနဲ့ သိပ်ကိုပနံရပါတယ်။ မြစ်ငယ်ဟာလည်း မိုင်ပေါင်း ၁၃၀ လောက် ရှည်လျားတဲ့ မြစ်တစ်ခုဖြစ်**

**တရုတ်နိုင်ငံနဲ့ အာဆီယံကို ချိတ်ဆက်ပေးထားတဲ့ အချက်အချာဒေသ**

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့အစည်းက ကွေ့လင်မြို့ကို ခရီးသွားလာရေးနဲ့ ပြည့်စုံတဲ့နေရာ၊ ရေမြေသဘာဝ၊ လူသားယဉ်ကျေးမှု၊ ငြိမ်းချမ်းမှု အရှိဆုံးနေရာစံနမူနာလို့ ချီးကျူးတင်စားခဲ့ပါတယ်။ ကွေ့လင်မြို့က တရုတ်နိုင်ငံရဲ့ ပထမဆုံး သတ်မှတ်ခံရတဲ့မြို့တွေထဲက သမိုင်းဝင်ယဉ်ကျေးမှု အထင်ကရမြို့လည်းဖြစ်ပါတယ်။ မြို့တည်သမိုင်းသက်တမ်း နှစ်ပေါင်း ၂၁၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံရဲ့ အရေးပါတဲ့ သမိုင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနေရာဖြစ်တယ်လို့ ဆိုကြပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀၀ ကျော်ကတည်းက အလှဆုံးရေမြေသဘာဝလို့ သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့အစည်းက ပထမဆုံး ထုတ်ပြန်တဲ့ ခရီးသွားနေရာကြီး လေးခုမှာ ပါဝင်ပါတယ်။ ပြည်ပခရီးသွားဧည့်သည် လာရောက်မှု ပမာဏဟာ နှစ်ပေါင်းများစွာတိုင်အောင် တရုတ်နိုင်ငံရဲ့ အလားတူမြို့ပြများ ထိပ်တန်း ၁၀ ခု စာရင်းဝင်ဖြစ်ခဲ့တဲ့ ကွေ့လင်မြို့ဟာ ရေမြေသဘာဝ ဂေဟမြို့ဖြစ်တာနဲ့အညီ သစ်တောဖုံးလွှမ်းမှု ၅၅ ဒသမ ၀၄ ရာခိုင်နှုန်းရှိပြီး မြေပြင်ဇလဗေဒ အရည်အသွေးက တရုတ်နိုင်ငံရဲ့ ထိပ်တန်းစာရင်းဝင်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ လူအခြေချနေထိုင်ရာ ပတ်ဝန်းကျင်ဆုကို ရရှိထားတာမို့ စတင်ရောက်ရှိကတည်းက စိမ်းလန်းစိုပြည်တဲ့ သဘာဝအလှ၊ အပူအအေးမျှတမှုနဲ့ လတ်ဆတ်တဲ့ အစားအသောက်တွေကလည်း စိတ်လှုပ်ရှားစေပါတယ်။

ကွေ့လင်မြို့က ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြောက်ပိုင်းမှာရှိတဲ့ အရေးပါတဲ့ သယ်ယူပို့ဆောင်ရေးဗဟိုဖြစ်တဲ့အပြင် ကွမ်းတုံ-ဟောင်ကောင်-မကာအိုဒေသကြီး၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်းနဲ့ အာဆီယံစီးပွားရေးရပ်ဝန်းကြီး သုံးခု ပေါင်းစည်းရာအရပ်မှာ တည်ရှိပါတယ်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနဲ့ တောင်ပိုင်းဒေသတစ်လျှောက် ပင်လယ်ကမ်းရိုးတန်း စီးပွားရေးကို ချိတ်ဆက်ပေးထားတဲ့ ပေါင်းကူးတံတားဖြစ်ပြီး တရုတ်နိုင်ငံနဲ့ အာဆီယံကို ချိတ်ဆက်ပေးထားတဲ့ အချက်အချာဒေသလို့လည်း ဆိုရမှာပါ။

နေ့စဉ်နဲ့အမျှ များပြားလှတဲ့ ပြည်တွင်း ပြည်ပခရီးသွားတွေဟာ ကွေ့လင်ရဲ့ လမ်းမထက်မှာ အစဉ်ပြည့်နှက်နေသလို ညမီးရောင်တွေအောက်မှာ ညသန်းခေါင်တိုင် စားသောက်ဆိုင်တန်းတွေနဲ့ ညဘက်လမ်းပေါ်က တီးဝိုင်းငယ်တွေနဲ့ အစဉ်အမြဲစည်ကားနေသလို အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရဲ့ ပြယုဂ်အဖြစ် အားလုံးဟာ ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းနေကြတာကို မြင်တွေ့ရပါတယ်။

East and West Street လို့ နိုင်ငံခြားသားတွေခေါ်ကြတဲ့ ကွေ့လင်မြို့လယ်ကောင်က ကျင်းယန်းလျှောက်လမ်းဟာ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်လက်ရာအချို့ကို ပေးစွမ်းပါတယ်။ ပြည်တွင်း ပြည်ပခရီးသွားတွေဟာ နေ့ညမပြတ် တရုတ်ရိုးရာအစားအစာဆိုင်တွေ၊ ဖျော်ဖြေရေးတွေနဲ့ သမိုင်းယဉ်ကျေးမှုလက်ရာတွေ၊ ရိုးရာအိမ်တွေကို အဲဒီမှာ မြင်တွေ့နိုင်သလို လက်မှုပစ္စည်းတွေ ဝယ်ယူနိုင်တာ၊ ကွမ်ရှီးလူမျိုးတွေရဲ့ ရိုးရာဝတ်စုံတွေ မြည်းစမ်းဝတ်ဆင်တာမျိုးတွေကို ပြုလုပ်ကြပါတယ်။

နောက်ထပ် ထင်ရှားတဲ့ နေရာကတော့ ကျင်းကျန်းနန်းတော်ကြီးရဲ့ တံခါးပေါက်ဖြစ်ခဲ့တဲ့ ဒွါန်လီဂိတ်တံခါးကြီးဟာ ညအချိန်မှာတောင် မီးရောင်ထိန်ထိန်ညီးလို့ ကြည့်ရှုလို့မဝနိုင်အောင် ဆွဲဆောင်မှုရှိပါတယ်။ ဒွါန်လီဂိတ်တံခါးကိုမြင်ရတာ မိမိတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် ပုဂံရှေးဟောင်းမြို့တော်ကြီးက သရပါတံခါးကြီးကို တွဲလို့တောင် မြင်ယောင်မိပါတယ်။ ဒွါန်လီဂိတ်တံခါးဟာ ရိုးရာတရုတ်ဗိသုကာကို ထင်ရှားစွာပြသလို့နေပါတယ်။

**စိတ်လှုပ်ရှားဖွယ် တောက်ပလို့နေ**

မီဒီယာအဖွဲ့သားတွေ နောက်ထပ်ရောက်ရှိခဲ့တဲ့ နေရာတစ်ခုကတော့ မင်မင်းဆက်ကာလ ခရစ်နှစ် ၁၃၇၂ ခုနှစ် ဟန်ဝူဧကရာဇ်လက်ထက်က တည်ဆောက်ခဲ့တဲ့ သက်တမ်း နှစ်ပေါင်း ၆၅၀ ကျော်ရှိပြီဖြစ်တဲ့ ကျင်းကျန်းနန်းတော်ကြီးအတွင်းက ရှေးဟောင်းမျှော်စင်ပဲ ဖြစ်ပါတယ်။ ပကတိကျောက်သားပေါ်မှာ တည်ဆောက်ထားပြီး တက်ရောက်တဲ့ သစ်သားလှေကားထစ်တွေတိုင်းဟာ ပြည်တွင်း ပြည်ပ ခရီးသည်တွေကို ဆွဲဆောင်ထားသလို နံရံပေါ်က ပန်းချီပန်းပုတွေကလည်း သမိုင်းကြောင်းကို ဖော်ပြပေးနေပါတယ်။ အဲဒီအပေါ်ကနေ ကွေ့လင်မြို့ကို ပတ်ရံကာဆီးနေတဲ့ နာမည်ကျော် တောင်ခုနစ်လုံးကို အစဉ်လိုက်ကြည့်ရှုနိုင်တာကြောင့် ရှေးဟောင်းယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့နေရာမှာ ယနေ့ခေတ် လက်ရာအထပ်မြင့်အဆောက်အအုံတည်ဆောက်မှုကိုလည်း သေချာစိစစ်သတ်မှတ်ခဲ့ ပုံရတယ်လို့ အသိအမှတ်ပြုမိပါတယ်။

ဒ့ါအပြင် ကွေ့လင်မြို့ပေါ်က ထင်ရှားတဲ့ Shanhu ရေကန်ကြီးအတွင်း ဗိမာန်မျှော်စင်နှစ်ခု ယှဉ်လျက်ရှိပြီး ကမ္ဘာပေါ်မှာတစ်ခုတည်းသော ကြေးဝါတစ်ခုလုံးနဲ့ တည်ဆောက်ထားတဲ့ နေဗိမာန်နဲ့ ကျောက်စိမ်းဖန်သားတို့နဲ့ တည်ဆောက်ထားတဲ့ လဗိမာန်တို့ကို တွေ့မြင်ရပါတယ်။ ညဘက်မှာ အရောင်အမျိုးမျိုးထွန်းညှိထားတဲ့ မီးအလင်းတွေကြောင့် ကန်ရေပြင်မှာ ဗိမာန်တွေရဲ့ ရောင်ပြန်ဟပ်မှုနဲ့အတူ စိတ်လှုပ်ရှားဖွယ် တောက်ပနေပါတယ်။

*စာမျက်နှာ ၁၁ သို့*





# မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု သမိုင်းဝင် ကျိုက်ဆေကလောင်၊ ကျိုက်ရှံ့ဟွတ်၊ ကျိုက်မာလှိုင် စေတီတော်မြတ်ကြီးများအား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၈**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု ရှေးဟောင်း (၁၆) ဌာန သမိုင်းဝင် ကျိုက်ဆေကလောင်၊ ကျိုက်ရှံ့ဟွတ်၊ ကျိုက်မာလှိုင် စေတီတော်မြတ်ကြီးများအား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု ကျိုက်ဆေကလောင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။



ဦးစွာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် အလှူရှင်များက ကျိုက်ဆေကလောင်၊ ကျိုက်ရှံ့ဟွတ်၊ ကျိုက်မာလှိုင်စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ယင်းနောက် မော်လမြိုင်မြို့ မြဆည်းဆာနှင့် နဂါးမောက် ဆရာတော် ဘဒ္ဒန္တနရိန္ဒ ထံမှ အနုမောဒနာ တရားနာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေ ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျိုက်ဆေကလောင်စေတီတော်မြတ်ကြီးထံ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျိုက်ရှံ့ဟွတ်နှင့် ကျိုက်မာလှိုင် စေတီတော်မြတ်ကြီးတို့ထံ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုလည်းကောင်း ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ကျိုက်ဆေကလောင်၊ ကျိုက်ရှံ့ဟွတ်၊ ကျိုက်မာလှိုင် စေတီတော်မြတ်ကြီးတို့တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား တစ်ပြိုင်နက်တည်း တင်လှူပူဇော်ကြပြီး မင်္ဂလာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးသည်။

ယင်းနောက် မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မှ ဦးဆောင်၍ ကြွရောက်တော်မူလာကြကုန်သော ဆရာတော် သံဃာတော်များက ကျိုက်ဆေကလောင်၊ ကျိုက်ရှံ့ဟွတ်၊ ကျိုက်မာလှိုင်စေတီတော်မြတ်ကြီးတို့ကို ဘုရားအနေကဇာတင် ပူဇော်ကြပြီး အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

ထင်ရှားတဲ့နေရာတစ်နေရာလည်း ရှိပါသေးတယ်။ ဆင်တောင်ပန်းခြံနဲ့ ဆင်ကျောက်တောင်ရှိရာ လီကျန်းမြစ်နဖူးက ပန်းခြံဖြစ်ပါတယ်။ တရုတ်ဒဏ္ဍာရီအရ ဆင်တောင်နဲ့ ပတ်သက်လို့ ပုံပြင်ဆန်တဲ့ အပြောနှစ်ခုရှိပြီး တစ်ခုက ကျိုင်းတီယွမ်နတ်ဘုရားရဲ့ဆင်က မိုးခေါင်မှုကြောင့် လူတွေ ဒုက္ခဆင်းရဲကို ကယ်တင်ဖို့ သူ့နှာမောင်းနဲ့ မြစ်ရေကို ခပ်ယူပြီး လယ်ကွင်းတွေဆီ ပို့ပေးတယ်။ ဒါကို နတ်ဘုရားသိတော့ နတ်ဆင်ကြီးကို ကျောက်ဖြစ်စေလိုက်တယ်။ သူဟာ ကျောက်ဖြစ်သွားပေမယ့် သူ့နှာမောင်းက မြစ်ထဲကို ထိုးစိုက်နေတဲ့ ကျောက်ဆောင်အဖြစ် တည်ရှိတယ်လို့ ဆိုကြပါတယ်။ နောက်တစ်ပုဒ်ကတော့ ဟောင်တီနတ်ဘုရားရဲ့ နတ်စစ်သည်စီးတော်ဆင်ကြီးဟာ နတ်စစ်ပွဲမှာ ပါဝင်ပြီး ဒဏ်ရာရသွားတော့ လီကျန်းမြစ်နံဘေးကို ပြုတ်ကျခဲ့ရတယ်။ ဒါကို ကွေ့လင်က လူသားတွေက ဆေးဖက်ဝင်အပင်တွေနဲ့ ကုသပေးကြတာမို့ ကျေးဇူးတင်တဲ့အတွက် သူ့ခန္ဓာကိုယ်ကို ကျောက်တောင်အသွင်ပြောင်းပြီး မိုးခေါင်ရေရှားမှုမဖြစ်အောင် နှာမောင်းကို မြစ်ထဲထည့်ပြီး ကာကွယ်ပေးသတဲ့။ ဒဏ္ဍာရီနှစ်ခုလုံးမှာ လူသားနဲ့ သဘာဝအကြား ရင်းနှီးမှုနဲ့ အပြန်အလှန်ဆက်နွှယ်နေမှု၊ ရေအရင်းအမြစ်ရဲ့ အရေးပါမှုတွေကို တွေ့ရပြီး ယနေ့တိုင် လာရောက်လည်ပတ်သူတွေရဲ့ စိတ်နှလုံးကို ဖမ်းစားတဲ့နေရာလည်း ဖြစ်ပါတယ်။

### ကမ္ဘာ့အလှပဆုံး မြစ်ကြောင်း

လီကျန်းမြစ်ဟာ ကမ္ဘာ့အလှပဆုံးမြစ်ကြောင်း ၁၅ ခုမှာ ပါဝင်ပြီး ထုံးကျောက်တောင်တန်းတွေရဲ့ အလှပဆုံးနမူနာအနေနဲ့ ကမ္ဘာ့အမွေအနှစ်နေရာ ဖြစ်ခဲ့တာပါ။ စုန့်မင်းဆက်ခေတ်ကတည်းက တရုတ်အနုပညာရှင်တို့ မျက်စိကျရာနေရာလည်း ဖြစ်ပါတယ်။ လက်ရှိတရုတ်နိုင်ငံရဲ့ ယွမ် ၂၀ တန်မှာ ကွေ့လင်မြစ်ရဲ့အလှကို ဖော်ကျူးထားတာ တွေ့ရပါတယ်။ ထုံးကျောက်ကုန်းပြင်မြင့်မှာ ရေတိုက်စားမှုကြောင့် စပါးပုံသဏ္ဍာန် တောင်စုတွေက ကြည်လင်စိမ်းမြတဲ့မြစ်ရေနဲ့ အလွန်လိုက်ဖက်လှပါတယ်။

ဒါပေမယ့် ခေတ်အဆက်ဆက်လှပခဲ့တာတော့ မဟုတ်ပါဘူး။ မဆင်မခြင်ငါးဖမ်းမှုတွေနဲ့ စက်ရုံတွေကနေ ရေဆိုးရေညစ်တွေ ထုတ်လွှတ်ခဲ့ဖူးလို့ မြစ်ရေတွေ နောက်ကျိခဲ့ရဖူးပါတယ်။ ၂၀၁၇ ခုနှစ်မှာ တရုတ်ခေါင်းဆောင်ကြီး ရှီကျင့်ဖျင်က လာရောက်ခဲ့ရင်း လီကျန်းမြစ်ဝှမ်းဒေသရဲ့ ဂေဟစနစ်ပတ်ဝန်းကျင်ကို ထိန်းသိမ်းရမှာဖြစ်ပြီး အဲဒီရှုခင်းသာကို ထာဝရတည်ရှိစေရမယ်လို့ ညွှန်ကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက လီကျန်းမြစ်ကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပြီး အခုမြင်ရတဲ့ လီကျန်းမြစ်က စိမ်းလန်းစိုပြည်တဲ့ တောင်တန်း၊ ကြည်လင်တဲ့ရေ၊ လေကောင်းလေသန့်နဲ့ ပြန်လည်ဆန်းသစ်လာပါတော့တယ်။ မိုင် ၁၀၀ ရှည်လျားတဲ့ လီကျန်းမြစ်တစ်လျှောက်မှာ ပန်းချီကား တစ်ချပ်သဖွယ် ပြန်လည်တောက်ပလာခဲ့ပါတယ်။

လီကျန်းမြစ်ဟာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီး(ကွမ်ရှီ)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့ခရိုင်လေးခုကို ဖြတ်သန်းသွားပါတယ်။ ထူးခြားချက်ကတော့ မြစ်ကြောင်းတစ်လျှောက် သစ်ပင်တွေ မပြတ်စိုက်ပျိုးတာ၊ သန့်ရှင်းရေးကို အထူးဂရုပြုတာနဲ့ ရေအရည်အသွေး စောင့်ကြည့်တာ၊ ဇီဝမျိုးစုံကို ထိန်းသိမ်းတာတွေ မြင်ရတယ်။ ဂေဟစနစ်ပညာပေးခြင်းတွေအပြင် ဒေသခံတွေအတွက် ကျေးလက်ဒေသထွက်ကုန်တွေပြသဖို့ ကူညီပေးတာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုတွေ ဆောင်ရွက်တာတွေကိုလည်း မြင်တွေ့ရပါတယ်။

မြစ်ကြောင်းအတွင်း ရှုခင်းကြည့် လှေစီးခရီးစဉ်တွေက အစအဆုံးဆိုရင် ကွေ့လင်ကနေ ယန်းရှုကျေးရွာအထိ ကီလိုမီတာ ၈၀ နီးပါး အချိန် ၅ နာရီဝန်းကျင်လောက် ကြာမြင့်ပါတယ်။ ဒါ့အပြင် လှေငယ်တွေနဲ့ ခရီးစဉ်အတိုလေးတွေလည်း သွားလာနိုင်ပါတယ်။ ကျေးလက်ရွာငယ်လေးတွေ၊ ထုံးကျောက်တောင်တွေနဲ့ စိမ်းညို့နေတဲ့ မြစ်ရေ၊ သဘာဝငါးမျှားမှုတွေကို မြင်တွေ့ရပါတယ်။

ဒီခရီးစဉ်နဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရင်း အပြန်အလှန်အားဖြင့် ပြည်တွင်း ပြည်ပ ခရီးသွားလုပ်ငန်းကို အောင်မြင်စေပြီး တိုင်းပြည်ရဲ့ဝင်ငွေ၊ ဒေသခံတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ ကျွဲကူးရေပါ ဆိုသလို ပြည့်ဝလာတာကို မြင်တွေ့ရပါတယ်။ မိမိတို့နိုင်ငံမှာလည်း သာယာလှပတဲ့ သဘာဝရှုခင်းတွေ၊ စိမ်းညို့တဲ့သစ်တောတွေနဲ့ ရှားပါးမျိုးစိတ်တွေ၊ ကြည်လင်တဲ့ရေချိုမြစ်၊ ချောင်းတွေ ပေါကြွယ်ဝပါတယ်။ ဒါတွေဟာ နိုင်ငံသားတိုင်း စောင့်ရှောက်ရမယ့် တာဝန်ရှိပြီး ထိန်းသိမ်းစောင့်ရှောက်မှု အားကောင်းလာတာနဲ့အမျှ ပြည်တွင်း ပြည်ပ ခရီးသွားတွေ အနားယူအပန်းဖြေနိုင်မယ့် နေရာတွေအဖြစ် ဖန်တီးကြရမှာဖြစ်တယ်။



**တသွင်သွင်စီးဆင်းနေတဲ့ လီကျန်းမြစ်ရဲ့ အလှလို အလှတရားကို ရှမ်းပြည်နယ်အတွင်း မြစ်ဖျားခံစီးဆင်းတဲ့ ဒုဋ္ဌဝတီ(မြစ်ငယ်)မြစ်မှာ မြင်တွေ့ခဲ့ရဖူးပါတယ်။ စပါးပုံလို ထုံးကျောက်တောင်တွေ မရှိပေမယ့် ရင်သပ်ရှုမောဖွယ်ရာ စိမ်းညို့နေတဲ့ တောင်တန်းကြီးတွေရဲ့အနီးအဝေးမြင်ကွင်းအလှ၊ ကြည်လင်စိမ်းမြနေတဲ့ ရေပြင်၊ တစ်ဖက်တစ်ချက်ဆီမှာ လှမ်းကြည့်လိုက်ရင် အသည်းတယားယားရင်ဖိုရစေမယ့် ရေတံခွန်တွေနဲ့ မြစ်ကြမ်းပြင်အထိ မြင်တွေ့နိုင်တဲ့ ရေပြင်ရဲ့သန့်ရှင်းမှုကို ဒုဋ္ဌဝတီမှာလည်း မြင်တွေ့နိုင်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီအရှေ့ဘက် တောင်တန်းတွေကနေ ကွေ့ကောက်စီးဆင်းလာတဲ့ ဒုဋ္ဌဝတီဟာ သီပေါမြို့ပတ်ဝန်းကျင်မှာတော့ အလွန်လှပတဲ့ရှုခင်းတွေနဲ့ သိပ်ကို ပနံရပါတယ်။ မြစ်ငယ်ဟာလည်း မိုင်ပေါင်း ၁၃၀ လောက် ရှည်လျားတဲ့ မြစ်တစ်ခုဖြစ်ပါတယ်။**

မိမိတို့တိုင်းပြည်မှာ အခြားသော သဘာဝက ပေးတဲ့ လက်ဆောင် သာယာလှပတဲ့ နေရာမျိုးစုံကို ပိုင်ဆိုင်ထားပါတယ်။ ရေပေါ်ရေအောက် သယံဇာတမျိုးစုံတဲ့ ပင်လယ်ရေပိုင်နက်၊ ကမ်းရိုးတန်းအလှတရား၊ တောင်တန်းတွေနဲ့ ရေတံခွန်တွေ၊ များပြားလှတဲ့ ရေချိုမြစ်တွေ စတဲ့ သဘာဝအလှတွေများစွာဟာ အခုအချိန်မှာ ထုတ်ဖော်ပြသခွင့်မရဘဲ ငုပ်လျှိုးနေကြရတယ်။

မငြိမ်းချမ်းနိုင်သေးတဲ့ ပြည်တွင်းပဋိပက္ခမီးတွေဟာ မိမိတို့နိုင်ငံရဲ့ အလှအပကို ဖော်ထုတ်ဖို့၊ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖို့ ဆုတ်ယုတ်စေတဲ့အရာတွေ ဖြစ်ပါတယ်။ ထို့အတူ ပဋိပက္ခကြောင့် ဒေသခံတွေဟာ မူလလက်ငုပ်လက်ရင်း တောင်ယာတွေကို ပစ်ခွာသွားခဲ့ကြရသလို မငြိမ်းချမ်းတဲ့ဒေသကို စွန့်ခွာရင်း ဇာတိမြေကို လွမ်းဆွတ်နေကြရတာတွေကို မကြာခဏမြင်တွေ့နေရတယ်။ ပျက်စီးသွားခဲ့ရတဲ့ စာသင်ကျောင်းတွေ၊ ကျေးရွာတွေနဲ့ ဒေသခံတွေရဲ့ နှလုံးသားတွေဟာ ပြန်လည်ကုစားဖို့ လိုအပ်နေကြပါပြီ။ မကြာသေးမီက အကြမ်းဖက်သမားတွေ ထိန်းချုပ်ထားတဲ့ မြို့ရွာတွေကို မြန်မာ့တပ်မတော်က ပြန်လည်တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့တဲ့ မြင်ကွင်းတွေက ပြည်သူတွေအတွက်တော့ မျှော်လင့်ချက်ရောင်ခြည်ပါပဲ။

အကြမ်းဖက်သမားတွေ အပြီးတိုင်ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ရှိလာတာနဲ့အမျှ နယ်စပ်ကုန်သွယ်ရေးတွေ ဖွံ့ဖြိုးလာမယ်၊ တိုင်းပြည်ရဲ့ ခရီးသွားလုပ်ငန်းတွေ ပြန်လည်အသက်ဝင်လာမယ်။ ဒီလိုနည်းနဲ့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝမြင့်မားလာမယ့်တစ်နေ့ကို မျှော်လင့်ရင်း လီကျန်းမြစ်ကဲ့သို့ ဒုဋ္ဌဝတီပေါ်မှာ လှူးလာတံ့ခေါက်သွားလာကြမယ့် အပန်းဖြေခရီးသွားသင်္ဘောတွေကို မြင်ယောင်ကြည့်မိပါတော့တယ်။ ။

# အနုပညာလုပ်ငန်းကို ကိုယ့်လူမျိုးတွေ တန်ဖိုးထားတတ်အောင် ဒီထက်ပိုပြီး မြှင့်တင်သွားမှာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးပြုလုပ်ပေးတဲ့အတွက်ကြောင့် လူငယ်တွေအတွက် ရှေ့ရေးလည်းကောင်းသလို ပညာလည်းရပါတယ်

မောင်အံ့ထူးကိုကို

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများကို အောက်တိုဘာ ၈ ရက်တွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ အသီးသီးဆက်လက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် -


မောင်သာတိုးအောင်


မောင်ဘုန်းမြတ်မော်


စောအောင်ခွန်းသာ


မောင်ကျော်မင်းနိုင်


မအေးစုငြိမ်း


မဂင်္ဂါပုံပြင်


မခတ္တာလှိုင်


မလပြည့်ဝန်း


မောင်နန်းထိုက်ထွန်း


မောင်ပိုင်ဇင်ဖြိုး


မောင်ကောင်းခန့်ဇော်


မောင်အံ့ထူးကိုကို


မောင်ဇေယျာထွန်း

**မောင်သာတိုးအောင်**
**ရောဝတီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာအဆင့်**
**ဒုံမင်းအတီးပြိုင်ပွဲ**

ဒုံမင်းအတီးပညာရပ်ဟာ လူတွေ သိပ်မသိကြတဲ့ ရှားပါးလာတဲ့ တူရိယာအမျိုးအစားဖြစ်တဲ့အတွက် ပျောက်ပျက်မသွားအောင် လက်ဆင့်ကမ်း ထိန်းသိမ်းတဲ့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့် ဒုံမင်းအတီးပြိုင်ပွဲမှာကတည်းက ဝင်ရောက် ယှဉ်ပြိုင်ပြီးတော့ ရွေးချယ်ခံခဲ့ရတာပါ။ အခုပြိုင်ပွဲမှာတော့ မြိုင်ကြီးဟေမာသီချင်းနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဒုံမင်းတူရိယာကိုလည်း နှစ်သက်မြတ်နိုးတဲ့အတွက် ဆက်လက်ပြီးတော့ လေ့လာသင်ယူသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ဆုတံဆိပ်ရရှိမယ်လို့တော့ မျှော်မှန်းထားပါတယ်။

**မောင်ဘုန်းမြတ်မော်**
**ရန်ကုန်တိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာ**
**တယောအတီးပြိုင်ပွဲ**

ကျွန်တော့်အနေနဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ အများကြီးလုပ်ဆောင်ခဲ့တဲ့အတွက် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အရင်နှစ်က အဆင့်မြင့်ပညာအဆင့် တယောအတီးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် ဒုတိယဆုပဲ ရရှိခဲ့ပါတယ်။ ဘုရားကျောင်းတွေမှာ တယောတီးခတ်မှုတွေ စတင်မြင်တွေ့ရကတည်းက တယောအတီးပညာရပ်ကို စိတ်ဝင်စားပြီး နည်းပြဆရာကောင်းတွေဆီမှာ စနစ်တကျလေ့လာ သင်ယူခဲ့ပါတယ်။ မျိုးဆက်သစ်ညီအစ်ကိုမောင်နှမတွေကိုလည်း ကိုယ်တတ်ကျွမ်းသမျှ လက်ဆင့်ကမ်းပေးသွားမှာပါ။

**စောအောင်ခွန်းသာ**
**ကရင်ပြည်နယ်ကိုယ်စားပြု**
**မဟာဂီတ(၁၀-၁၅)**

ကျွန်တော်ယှဉ်ပြိုင်ခဲ့တဲ့ တေးသီချင်းကတော့ ဇမ္ဗူရောင်ကွန့် (ဘွဲ့) သီချင်း ဖြစ်ပါတယ်။ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပြီး အားရကျေနပ်မှုရှိပါတယ်။ တစ်ခါမှ ဝင်ရောက်ယှဉ်ပြိုင်မှု မရှိခဲ့တဲ့အတွက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြည်နယ်မှာ မဟာဂီတကို စတင်လေ့ကျင့်ကတည်းက ခက်ခက်ခဲခဲ လေ့ကျင့်ခဲ့ရပါတယ်။ မဟာဂီတဘာသာရပ်ကို မြန်မာ့မှု၊ မြန်မာ့ဟန် မပျောက်ပျက်သွားအောင် ထိန်းသိမ်းသင့်ပါတယ်။ အခုပြိုင်ပွဲပြီးသွားရင် မဟာဂီတဘာသာရပ်ကို ဆက်လက်လေ့လာ သင်ယူသွားမှာ ဖြစ်ပါတယ်။

**မောင်ကျော်မင်းနိုင်**
**ကရင်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအက**

နေပြည်တော်မှာတော့ အခုပထမဆုံးပြိုင်ဖူးတာပါ။ အနုပညာသက်တမ်းက နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် အလွန်စိတ်လှုပ်ရှားရသလို ပျော်ရွှင်ရပါတယ်။ အကပညာရပ်တွေကို ဆက်လက်လေ့လာ သင်ယူသွားပါမယ်။

**မအေးစုငြိမ်း**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ (၁၅-၂၀)အက**

မနှစ်ကတည်းက စတင်ပြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတော့မရရှိခဲ့ပါဘူး။ ဒီနှစ်အတွက်လည်း အကောင်းဆုံး လေ့ကျင့်ပြင်ဆင်လာခဲ့ပြီး အကောင်းဆုံးလည်း ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ပါတယ်။ အားရမှုလည်းရှိပါတယ်။ ရှေ့ဆက်ပြီးတော့ အနုပညာလုပ်ငန်းတွေ အများကြီးလုပ်သွားဖို့ စိတ်ကူးထားပါတယ်။ မင်းသမီးတွေထဲမှာ အားကျခဲ့တဲ့ ဆရာမတွေလည်း အများကြီးရှိပါတယ်။ ဗဟိုယှဉ်ပြိုင်မှုအတွက် အကောင်းဆုံး သင်ပေးခဲ့တဲ့ ဆရာမတွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။

**မဂင်္ဂါပုံပြင်**
**ချင်းပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)အက**

ဒီနှစ်မှ ပထမဆုံးအကြိမ် လာရောက် ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အခြေခံကဗျာလွတ်အကကို စပြီးလေ့ကျင့်ခဲ့ပါတယ်။ ပြီးတော့ ဒီပြိုင်ပွဲအတွက် သေသေချာချာ ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ အခုပြိုင်ခဲ့ပြီးတဲ့အပေါ်မှာလည်း အားရကျေနပ်မှုရှိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ဆိုကရေးတီးပြိုင်ပွဲကြီးမှာ ဆုမရမချင်း ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အခြေခံပညာအဆင့် အောင်ပြီးသွားရင် အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်ကို ဆက်တက်သွားမှာဖြစ်ပါတယ်။

**မခတ္တာလှိုင်**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀) အက**

အရင်နှစ်ကြိမ် ယှဉ်ပြိုင်ခဲ့ဖူးပြီဖြစ်ပါတယ်။ ဆုတံဆိပ်တော့ ရရှိခဲ့ခြင်း မရှိသေးပါဘူး။ အခုသုံးကြိမ်မြောက်အတွက်ကိုလည်း အကောင်းဆုံး ပြင်ဆင်ထားခဲ့ပြီဖြစ်ပါတယ်။ ကျောင်းပြီးသွားရင် အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် မန္တလေးကို ဆက်လက်တက်ရောက်ပြီး သင်ယူလေ့လာသွားမှာ ဖြစ်ပါတယ်။

**မလပြည့်ဝန်း**
**ရောဝတီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)အက**

(၂၃)ကြိမ်မြောက်ကနေစပြီးတော့ အခု(၂၆)ကြိမ်မြောက်အထိ လေးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ (၂၄)ကြိမ်မြောက်မှာ အသက်(၁၀-၁၅)မှာ ငွေတံဆိပ်ရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်တော့ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပါတယ်။ သမီးရဲ့ ရောဝတီတိုင်းဒေသကြီးဂုဏ်ကိုဆောင်နိုင်အောင် ဆရာမတွေနဲ့ သေချာသင်ယူခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အနုပညာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ သမီးတို့ရဲ့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့အနေနဲ့ အနုပညာကို အသက်ကြီးတဲ့အထိ ဆက်ပြီးလုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးကိုကျင်းပနိုင်ဖို့ ဆောင်ရွက်ပေးကြတဲ့ သက်ဆိုင်ရာလူကြီးတွေကို ကျေးဇူးအများကြီးတင်ပါတယ်။

**မောင်နန်းထိုက်ထွန်း**
**မွန်ပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)**
**ဆိုင်းတစ်ဦးချင်း**

ဒါပထမဆုံး ဗဟိုမှာ ယှဉ်ပြိုင်ဖူးတာပါ။ အချိန်က အနည်းငယ်ပဲရပေမယ့် ရှိသမျှအားတွေ အကုန်ထုတ်ပြီး လေ့ကျင့်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယှဉ်ပြိုင်ရတဲ့ သီချင်းမဲနှိုက်တဲ့အခါမှာလည်း ကိုယ်ကြိုက်တဲ့သီချင်းနဲ့ တစ်ထပ်တည်းကျတဲ့အတွက် အားအလွန်ရခဲ့ပါတယ်။ ဆုရရှိဖို့လည်း မျှော်လင့်ပါတယ်။ အခုလို လာပြိုင်ရတဲ့အတွက် ရင်ခုန်ရပါတယ်။ စိတ်လည်း အလွန်လှုပ်ရှားပါတယ်။ ဒီလိုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါတယ်။

**မောင်ပိုင်ဇင်ဖြိုး**
**ရောဝတီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)**
**ဆိုင်းတစ်ဦးချင်း**

(၂၃)ကြိမ်မြောက်မှာ ရွှေရခဲ့ပါတယ်။ (၂၄)ကြိမ်မြောက်မှာ ငွေရခဲ့ပါတယ်။ (၂၅)ကြိမ်မြောက်မှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီနှစ်အတွက်တော့ အားထည့်ပြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီကိုလာပြီး ယှဉ်ပြိုင်ရတဲ့အတွက် ပျော်ပါတယ်။ စိတ်လည်းလှုပ်ရှားရပါတယ်။ ဒီပြိုင်ပွဲကြီးတွေကြောင့် နေပြည်တော်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ သုံးနှစ်သားကတည်းက စပြီးတော့ မောင်းကိုတီးခဲ့ပါတယ်။ ငါးနှစ်သားမှာ ဆိုင်းဝိုင်းကို စတီးခဲ့တာဖြစ်ပါတယ်။

**မောင်ကောင်းခန့်ဇော်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)**
**ဆိုင်းတစ်ဦးချင်း**

(၂၃)ကြိမ်မြောက်မှာ ပတ္တလားအတီးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငွေရရှိခဲ့ပါတယ်။ (၂၄)ကြိမ်မြောက်မှာ ပတ္တလားအတီးနဲ့ပဲ ရွှေရခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပတ္တလားအတီးရော ဆိုင်းတစ်ဦးချင်းပါ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အကောင်းဆုံးလည်း ပြင်ဆင်ထားခဲ့ပါတယ်။ အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

**မောင်အံ့ထူးကိုကို**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)**
**ဆိုင်းတစ်ဦးချင်း**

(၂၃)ကြိမ်မြောက်ကတည်းက စပြိုင်ခဲ့ပါတယ်။ အခု လေးကြိမ်မြောက် ပြိုင်ပွဲဝင်မှာ ဖြစ်ပါတယ်၊ (၂၃)ကြိမ်မြောက်မှာ ကြေးတံဆိပ်တစ်ဆု ရခဲ့ပါတယ်။ (၂၄)ကြိမ်မှာတော့ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့ပါတယ်။ (၂၅)ကြိမ်မှာလည်း ရွှေတံဆိပ်လေးခု ရရှိခဲ့ပါတယ်။ သုံးနှစ်သားကတည်းက စပြီးတော့ အတီးကို ဝါသနာပါခဲ့တာဖြစ်ပါတယ်။ အနုပညာလုပ်ငန်းကို ကိုယ့်လူမျိုးတွေ တန်ဖိုးထားတတ်အောင် ဒီထက်ပိုပြီး မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီး ပြုလုပ်ပေးတဲ့အတွက်ကြောင့် လူငယ်တွေအတွက် ရှေ့ရေးလည်းကောင်းသလို ပညာလည်းရပါတယ်။ ဆရာတွေအများကြီးနဲ့လည်း တွေ့ရတဲ့အတွက် အများကြီး လေ့လာခွင့်ရရှိခဲ့ပါတယ်။

**မောင်ဇေယျာထွန်း**
**ကချင်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာအက**

ပထမဆုံးအကြိမ် ဗဟိုအဆင့်မှာ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ တစ်လကျော်ကျော်လောက် အကောင်းဆုံးပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ ဒီပြိုင်ပွဲပြီးသွားရင် ပွဲလမ်းသဘင်တွေမှာ ဖျော်ဖြေသွားဖို့ ရှိပါတယ်။ အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အပေါ်မှာ စိတ်လှုပ်ရှားရသလို ပျော်ရွှင်ပီတိလည်း ဖြစ်ရပါတယ်။ **သတင်းအဖွဲ့**

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မကွေးမြို့ မြသလွန် စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် မြသလွန်စေတီတော်ရင်ပြင်တော်၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံ တပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မကွေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၁၂၅ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆွမ်းဆန်တော်များ၊ ဝတ္ထုငွေများ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆပ်ပြာ၊ အချိုရည်၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ လာရောက်ကြသည့်ဘုရားဖူးပြည်သူများကိုမုန့်ဟင်းခါး စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ မြသလွန်ဘုရားပွဲတော်တွင် ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ပြဇာတ်များ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူမိဘပြည်သူများဖြင့် နေ့စဉ် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**





❑ ကျော့ဖုံးမှ

ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ပေးပို့လျက်ရှိရာ ပထမအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်နှင့် ယခုအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၉၀ ဒသမ ၅၃ တန် ပို့ဆောင်ပေးပြီး စုစုပေါင်း သံချောင်းလုံး တန်ချိန် ၉၇၇ ဒသမ ၄၁၆ တန် ပို့ဆောင်လွှဲပြောင်းပြီးဖြစ်ကြောင်းနှင့် အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစတင်ဖွင့်လှစ်၊ ကျောင်းအပ်ဆက်လက် လက်ခံ၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှု အနေဖြင့် ကျောင်းသား ကျောင်းသူ ၈၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၄၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာနှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မိုးနဲမြို့နယ်၌ မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုးနဲ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံလုံလျှံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများက ဆီထွက်သီးနှံ မိုးနေကြာသီးနှံများကို စိုက်ပျိုးခဲ့ရာ ယခုအခါ မိုးနေကြာစိုက်ခင်းများမှာ အသီးအပွင့်များ ဝေဆာကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီ ရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း သိရသည်။

မိုးနဲမြို့နယ်အနေဖြင့် ဆီထွက်သီးနှံ မိုးနေကြာစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး စုစုပေါင်း ၅၂ ဧက လျာထားပြီး မိုးနေကြာသီးနှံကို ရာနှုန်းပြည့်စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေသခံတောင်သူများ မိုးနေကြာ သီးနှံစိုက်ပျိုးရာတွင် တောင်သူတစ်ဦးချင်းအလိုက် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံတောင်သူများအား စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုပစ္စည်းများကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးနေကြာသီးနှံ စိုက်ခင်းများမှာ ယခု အသီးအပွင့်များဝေဆာကာ အောင်မြင် ဖြစ်ထွန်းလျက်ရှိပြီး မကြာမီ ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြို့နယ်တွင်း ဒေသခံတောင်သူများအနေဖြင့် အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ မြေပဲ၊ နေကြာ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းတို့ဖြစ်ပြီး မိသားစုစားဝတ်နေရေးအတွက် စားဖိုဆောင်သီးနှံများကိုလည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ၂၀၂၅ ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ဓာတုဒြပ်ပေါင်းတီထွင်ခဲ့သည့် သိပ္ပံပညာရှင်များအား ဆုချီးမြှင့်


**စတော့ခ်ဟုမ်း အောက်တိုဘာ ၈**

ဆူဆူမူကီတာဂါဝ၊ ရစ်ချ်ချက်ဒ်ရော့ဘ်ဆန်နှင့် အိုမာ အမ်ယာဂီတို့ကို ဓာတုဒြပ်ပေါင်းတီထွင်မှုအတွက် ၂၀၂၅ ဓာတုဗေဒနိုဘယ်ဆုကို အောက်တိုဘာ ၈ ရက်တွင် ချီးမြှင့်အပ်နှင်းလိုက်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ကြေညာလိုက်သည်။

၂၀၂၅ ဓာတုဗေဒ နိုဘယ်ဆုရှင်များသည် ဓာတ်ငွေ့များနှင့် အခြားဓာတုပစ္စည်းများ စီးဆင်းနိုင်သည့် ကြီးမားသောနေရာများနှင့်အတူ မော်လီကျူးဖွဲ့စည်းတည်ဆောက်မှုများကို ဖန်တီးခဲ့ကြသည်ဟု အကယ်ဒမီက ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယင်းဖန်တီး တီထွင်မှုများက သဲကန္တာရလေထုကို ရေအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သလို ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖမ်းယူသည့်နေရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အတူ အဆိပ်ဓာတ်ငွေ့များကို သိုလှောင်ထားနိုင်မည့်အပြင် ဓာတုဓာတ်ပြုခြင်းများတွင် ဓာတ်ကူပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

နိုဘယ်ဆုရှင်များဖြစ်ကြသည့် ကီတာဂါဝသည် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ ဗြိတိန်တွင်မွေးဖွားခဲ့သည့် ရော့ဘ်ဆန်သည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်တွင် အလုပ်လုပ်သည်။ ဂျော်ဒန်နိုင်ငံ အမ်မန်မြို့တွင် မွေးဖွားခဲ့သည့် ယာဂီသည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ **ဆင်ဟွာ**




# တစ်ကမ္ဘာလုံးဆိုင်ရာ သံမဏိထုတ်လုပ်မှု ပိုလျှံနေသည့်ကာလတွင် အီးယူက သံမဏိတင်သွင်းခွန် ၅၀ ရာခိုင်နှုန်းတိုးမြှင့်ရန် စီစဉ်

**ဘရက်ဆဲလ် အောက်တိုဘာ ၈**

ဥရောပသမဂ္ဂ(အီးယူ) ၏ အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများထံ သံမဏိထုတ်ကုန်များ တင်သွင်းမှုဆိုင်ရာ စည်းမျဉ်းသစ်များကို အဆိုပြုထားသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ သံမဏိလုပ်ငန်းထုတ်လုပ်မှု လိုအပ်သည်ထက် ပိုလျှံနေမှု၏ သက်ရောက်မှုများမှ ကာကွယ်ရန် သံမဏိတင်သွင်းခွန်ကို ၅၀ ရာခိုင်နှုန်းအထိတိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။ ဥရောပကော်မရှင်သည် အောက်တိုဘာ ၇ ရက်တွင် သံမဏိပစ္စည်းများ တင်သွင်းရာတွင် အခွန်ကင်းလွတ်ခွင့်ကို ကန့်သတ်ရန် အဆိုပြုခဲ့သည်။

တစ်နှစ်လျှင် သံမဏိထုတ်လုပ်မှုတန်ချိန် ၁၈ သန်းအထိ ကန့်သတ်ရန် အဆိုပြုထားသည်။ ယင်းပမာဏသည် ၂၀၂၄ ခုနှစ်အတွင်း အခွန်လွတ် တင်သွင်းခွင့်ရှိသည့် ပမာဏ၏ တစ်ဝက်ခန့်မျှသာဖြစ်သည်။ ကော်မရှင်သည် ခွင့်ပြုပမာဏထက်ပို၍ တင်သွင်းသောသံမဏိများအတွက် အခွန်ကို ၅၀ ရာခိုင်နှုန်းထိတိုးမြှင့်ရန် စီစဉ်ထားကြောင်း ကြေညာခဲ့သည်။ ယခုနှစ်အစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့သည် နိုင်ငံခြားမှ သံမဏိတင်သွင်းမှုများကို အခွန်စည်းကြပ်မှု တိုးမြှင့်ခဲ့သည်။



ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က သံမဏိကဏ္ဍ ခိုင်မာခြင်းသည် ဥရောပသမဂ္ဂ၏ ယှဉ်ပြိုင်နိုင်စွမ်း၊ စီးပွားရေး လုံခြုံမှုတို့အတွက် အရေးပါသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုလိုအပ်ချက်ထက် ပိုလျှံနေမှုသည် ဥရောပသမဂ္ဂ၏ စက်မှုလုပ်ငန်းကို ထိခိုက်နစ်နာစေသည့် အတွက် အရေးယူဆောင်ရွက်ရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၅ ပထမနှစ်ဝက်အတွင်း အင်ဒိုနီးရှားနိုင်ငံက ကော်ဖီတန်ချိန် ၂၀၆၇၀၀ ကို ပြည်ပသို့ တင်ပို့

**ဂျကာတာ အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီတန်ချိန် ၂၀၆၇၀၀ ကို ပြည်ပသို့တင်ပို့နိုင်ခဲ့သည်ဟု အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဝန်ကြီးဌာနက အောက်တိုဘာ ၈ ရက်တွင် ပြောသည်။

အမေရိကန်၊ ဂျပန်၊ အရှေ့အလယ်ပိုင်းရှိနိုင်ငံများနှင့် အရှေ့တောင်အာရှသို့ ကော်ဖီများတင်ပို့ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကော်ဖီထုတ်လုပ်သူနိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး ကော်ဖီစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးသမားများက စိုက်ပျိုးသည်ဟု အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဝန်ကြီးဌာန ဒုတိယဝန်ကြီး ဘာဂပ်စ် ရက်ချ်မန်က ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီတင်ပို့မှုဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ ဘီလီယံ ဝင်ငွေရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၇၆ ဒသမ ၃ ရာခိုင်နှုန်းတိုးလာသည်ဟု အင်ဒိုနီးရှားစာရင်းအချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

# ပိုမိုဈေးသက်သာသည့် EV မော်ဒယ်နှစ်မျိုးကို Tesla မိတ်ဆက်

**ဝါရှင်တန် အောက်တိုဘာ ၈**



အမေရိကန်လျှပ်စစ်ကား (EV) ထုတ်လုပ်ရေးကုမ္ပဏီ Tesla သည် ပိုမိုဈေးသက်သာသည့် EV မော်ဒယ်နှစ်မျိုးကို ထုတ်လုပ်ခဲ့ပြီး တစ်မျိုးချင်းစီသည် ၎င်းတို့၏ ယခင်အမျိုးအစားများထက် ၁၀ ရာခိုင်နှုန်းခန့် စရိတ်သက်သာသည်။

အမျိုးအစားပုံစံသစ်ဖြစ်သည့် Model Y အမျိုးအစား SUV အသစ်ကို အမေရိကန်ဒေါ်လာ ၃၉၉၉၀ နှင့်လည်းကောင်း Model 3 ဆီဒင်အသစ်ကို အမေရိကန်ဒေါ်လာ ၃၆၉၉၀ နှင့် ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက အောက်တိုဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်လျှပ်စစ်ကား(EV) ထုတ်လုပ်ရေးကုမ္ပဏီ Tesla သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ရောင်းအား ကျဆင်းခဲ့ရပြီး ရောင်းအား ကျဆင်းရသည့် အကြောင်းတရားများစွာရှိသည့်အနက် Tesla ၏ CEO ဖြစ်သူ Elon Musk သည် အမေရိကန်နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုကို ကမ္ဘာတစ်ဝန်း သပိတ်မှောက်မှုသည်လည်း အကြောင်းရင်းတစ်ချက်ဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက EV ကား ဝယ်ယူမှုများအတွက် အခွန်လျှော့ချမှုကို စက်တင်ဘာလကုန်တွင် ရပ်ဆိုင်းသွားမည်ဆိုသည့် ဆုံးဖြတ်ချက်ကြောင့် အမေရိကန်ပြည်ထောင်စု၌ EV ကား အရောင်းအဝယ်ထိခိုက်မှုရှိမည်ဟု ခန့်မှန်းရသည်။

ကားဈေးကွက်ကြီးအတွက် ဈေးသက်သာသည့် မော်ဒယ်များတင်သွင်းရန် ပြိုင်ဆိုင်နေသည့် တရုတ်ကုမ္ပဏီကြီး BYD နှင့် တခြားပြိုင်ဘက်ကုမ္ပဏီများ၏ ကြီးထွားလာသည့် ဈေးကွက်ယှဉ်ပြိုင်မှုများကို Tesla ရင်ဆိုင်နေရသည်။ **အင်န်အိတ်ချ်ကေ**

# အစ္စတန်ဘူလ်ရှိ အနုပညာရှင်အသိုင်းအဝိုင်းကြား မူးယစ်ဆေးနှိမ်နင်းမှု တူကီယဲလုပ်ဆောင်

**အစ္စတန်ဘူလ် အောက်တိုဘာ ၈**

တူကီယဲ အာဏာပိုင်များသည် အစ္စတန်ဘူလ်မြို့ရှိ အနုပညာရှင်များဖြစ်သည့် အဆိုတော်များ၊ သရုပ်ဆောင်များနှင့် နာမည်ကြီးလူမှုကွန်ရက်သမားများကို ပစ်မှတ်ထားကာ မူးယစ်ဆေး နှိမ်နင်းမှုလုပ်ဆောင်ခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။

အစ္စတန်ဘူလ်ရှိ ဂျန်ဒါမာရီ ကွပ်ကဲရေးရုံးမှ စီစဉ်သည့် အဆိုပါ စစ်ဆင်ရေးတွင် နာမည်ကျော် ၁၂ ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့၏ သွေးနမူနာနှင့် ထွက်ဆိုချက်များကိုယူရန် ဂျန်ဒါမာရီဌာနသို့ ခေါ်ဆောင်သွားခဲ့သည်ဟု တီအာတီရုပ်သံတွင် ဖော်ပြထားသည်။ အဆိုပါ နာမည်ကျော်များသည် မူးယစ်ဆေးသုံးစွဲမှု၊ မူးယစ်ဆေးသုံးစွဲရန် အားပေးမှု စွဲချက်များဖြင့် ရင်ဆိုင်ရမည်ဖြစ်သည်။ တူကီယဲနိုင်ငံသည် မူးယစ်ဆေးသုံးစွဲမှုကို နှိမ်နင်းရန်နှင့် မူးယစ်ဆေးကုန်ကူးမှုတို့ကို နှိမ်နင်းရန် စစ်ဆင်ရေးများ ဆက်တိုက်ဆိုသလို ဆောင်ရွက်ခဲ့သည်။ ရလဒ်အနေဖြင့် မူးယစ်ဆေးများ သိမ်းဆည်းရရှိခဲ့ပြီး သံသယရှိသူ ထောင်နှင့်ချီ၍ ဖမ်းဆီးနိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် လက်ရှိအစိုးရ စတင်တာဝန်ယူသည့် အချိန်မှ စတင်ကာ တစ်နိုင်လုံးအတိုင်းအတာဖြင့် မူးယစ်ဆေးတိုက်ဖျက်မှုမှ သံသယရှိသူပေါင်း ၈၁၄၆၇ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဩဂုတ်လအတွင်း ဖော်ပြခဲ့သည်။ **ဆင်ဟွာ**



# ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင်နှင့် မိုင်းဖြတ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင်နှင့် မိုင်းဖြတ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အပိုင်းအလိုက်ခွဲပြီး ဆောင်ရွက်မည့်အခြေအနေ၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာပြီးစီးမှု၊ ပုံစံ ၃၊ ပုံစံ ၃(က)၊ ပုံစံ ၄၊ ပုံစံ၄(ဂ)တို့၏ ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ဖြန့်ခွဲသယ်ဆောင်အသုံးပြုမည့်အခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များတွင် Installation လုပ်ဆောင်ရမည့်အခြေအနေ၊ ခရိုင်/မြို့နယ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းစီမံဆောင်ရွက်ရမည့်အခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးတို့တွင် စနစ်တကျခွင့်ပြုပေးရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**သတင်းစဉ်**

## မော်ဘီမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ သက်ဆိုင်ရာကော်မရှင်ရုံးများ၌ ကပ်ထားကြေညာထားရာ ပြည်သူများ နေ့စဉ်လာရောက်ကြည့်ရှုလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား မဲပေးပိုင်ခွင့်ရှိသူမဲစာရင်းများကို ပထမအကြိမ်အဖြစ် မော်ဘီမြို့နယ် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ကပ်ထားကြေညာလျက်ရှိရာ မဲဆန္ဒရှင် မဲပေးပိုင်ခွင့်ရှိသူများက မိမိတို့၏ အမည်ပါ မပါ မဲစာရင်းများကို နေ့စဉ်လာရောက်၍ ကြည့်ရှုလျက်ရှိသည်။



အဆိုပါ မဲစာရင်းကပ်ထားကြေညာခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်သည်များကိုလည်း တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို တာဝန်ရှိသူများကွင်းဆင်း ကြည့်ရှု

**ပခုက္ကူ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိပြည်သူများ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ကော်မတီအဖွဲ့ဝင် (၁) ဗိုလ်မှူးသက်ထွန်းနိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်သီတာအေးနှင့် အဖွဲ့ဝင်များ ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ထားကြေညာမှုကို လှည့်လည်ကွင်းဆင်းကြည့်ရှုသည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါင်းတည်၌ မဲဆန္ဒရှင်အမည်စာရင်းများ ပြည့်စုံမှန်ကန်စွာ ဆက်လက်ကပ်ထားကြေညာထားလျက်ရှိ

**ပေါင်းတည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ မင်းကွက်(၁)၊ မင်းကွက်(၂)၊ မင်းကွက်(၃)၊ နွယ်ချို(၁)၊ နွယ်ချို(၂)၊ ဟသ်ာကန်၊ ဘွဲ့ပင်ကန်၊ ပျဉ်းပင်ကန်၊ အုတ်ဖို(၁)၊ အုတ်ဖို(၂)၊ ဈေး(၁)၊ ဈေး(၂)ရပ်ကွက်များနှင့် ဘိုးသာအောင်ကုန်း၊ ကြူတောကန်၊ ဘုရားငါးဆူ၊ မှတ်တိုင်၊ ပျဉ်ပုံ၊ ကြာနီကန်ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် မဲဆန္ဒရှင်ပြည်သူများ၏ အမည်စာရင်းများကို ကြည့်ရှုနိုင်ရန် ဆက်လက်ကပ်ထားကြေညာထားလျက်ရှိသည်။



ထိုသို့ ရပ်ကွက်၊ကျေးရွာအုပ်စု မဲဆန္ဒနယ်မြေများအလိုက် မဲဆန္ဒရှင်အမည်စာရင်းများကို ဆက်လက်ကပ်ထား ကြေညာထားရာတွင် သက်ဆိုင်ရာမဲရုံတာဝန်ခံများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များက မဲဆန္ဒရှင်အမည်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါင်းတည်(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲတာဝန်ခံ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားမှုကို ကြည့်ရှုစစ်ဆေး

**လက်ပံတန်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲတာဝန်ခံ ဦးအောင်မြင့်လွင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာနှင့် ကွမ်းခြံကျေးရွာတို့တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ပထမကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးရွေးကောက်ပွဲတာဝန်ခံနှင့် အဖွဲ့သည် မဲစာရင်းလာရောက်ကြည့်ရှုသူ ပြည်သူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စိစစ်ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

လက်ပံတန်းမြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၅၂ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၀၈၄၄၀ ရှိပြီး နိုင်ငံရေးပါတီ ခုနစ်ခုမှ ကိုယ်စားလှယ်လောင်း ၁၉ ဦး ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့၌ မဲစာရင်းကပ်ထားသည့်နေရာများအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**ငါးသိုင်းချောင်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မဲစာရင်းများကပ်ထားသည့်နေရာများကို ယနေ့ နံနက်ပိုင်းက သတ်မှတ်ရပ်ကွက်၊ ကျေးရွာများသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများသည် သက်ဆိုင်ရာရပ်ကွက်များသို့ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာထားမှုကို ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကပ်ထားကြေညာသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခက်အခဲရှိပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် မှာကြားခဲ့ကြောင်း သိရသည်။



**ငါးသိုင်းချောင်း(ပြန်/ဆက်)**

# “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” မြေစိုက်ပိုစတာကို အောက်တိုဘာ ၇ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာ နေရာများ၌ စိုက်ထူထားကြောင်း သိရသည်။


အုတ်တွင်းမြို့နယ်
ခင်ခင်မာ(မြန်/ဆက်)


မော်လမြိုင်ကျွန်းမြို့နယ်
ရဲကိုမောင်(မြန်/ဆက်)


ဟသ်ာတမြို့နယ်
ခရိုင်(မြန်/ဆက်)


မင်းတုန်းမြို့နယ်
ချင်းကလေး(NRDC)


ပေါင်းတည်မြို့နယ်
ရွှေသား(မြန်/ဆက်)


ခေါင်လန်ဖူးမြို့နယ်
မြို့နယ်(မြန်/ဆက်)


နောင်မွန်းမြို့နယ်
မြို့နယ်(မြန်/ဆက်)


ပြည်မြို့
ခရိုင်(မြန်/ဆက်)


တောင်ငူမြို့
ခရိုင်(မြန်/ဆက်)


ဆင်ပေါင်ဝဲမြို့နယ်
ခန့်ဝင်း(ဆင်ပေါင်ဝဲ)


ချောက်မြို့နယ်
မြို့နယ်(မြန်/ဆက်)


ဝေါမြို့နယ်
မြို့နယ်(မြန်/ဆက်)


မိုးညှင်းမြို့နယ်
ရွှေမိုးညှင်း


ဇရပ်ကောင်းမြို့
ဇရပ်ကောင်း(မြန်/ဆက်)


သာပေါင်းမြို့နယ်
သာပေါင်း(မြန်/ဆက်)


လပွတ္တာမြို့နယ်
ခရိုင်(မြန်/ဆက်)


အောင်လံမြို့နယ်
မျိုးသိန်း(မြန်/ဆက်)


တာချီလိတ်မြို့နယ်
မြင့်မိုရ်(တာချီလိတ်)

# " နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ " လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး " နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ " မြေစိုက်ပိုစတာကို အောက်တိုဘာ ၇ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာ နေရာများ၌ စိုက်ထူထားကြောင်း သိရသည်။


ကြံခင်းမြို့နယ်
ဖြိုးဝေလင်း(ပြန်/ဆက်)


ဒေးဒရဲမြို့နယ်
အေဇာလင်း


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)


အိမ်မဲမြို့နယ်
ချစ်သက်လယ်(ပြန်/ဆက်)


ကြို့ပင်ကောက်မြို့
ဇေယျာထွန်း(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ်
ကျိုက်လတ်(ပြန်/ဆက်)


မြင်းခြံမြို့
ချစ်ဦးနွေ(မြင်းခြံ)


လက်ပံတန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မင်းလှမြို့နယ်
ဝင်းမြတ်(အထက်မင်းလှ)


တောင်တွင်းကြီးမြို့နယ်
နောင်နောင်(ဗိသုနိုးမြေ)


ကံမမြို့နယ်
ကျော်ဇေယျဝင်း(ကံမ)


မိုးညိုမြို့နယ်
ကိုမင်း(ပြန်/ဆက်)


ဖျာပုံမြို့နယ်
အောင်ဝင်းနိုင်(ပြန်/ဆက်)


ပူတာအိုမြို့
ဖုန်ကန်(ပူတာအို)


စလင်းမြို့နယ်
မောင်လွင်(စလင်း)


ဝါးခယ်မမြို့နယ်
လွှမ်းသီဟ(ပြန်/ဆက်)


ရေနံချောင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဇလွန်မြို့နယ်
ဝေယံ(ပြန်/ဆက်)

# “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” မြေစိုက်ပိုစတာကို အောက်တိုဘာ ၇ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာ နေရာများ၌ စိုက်ထူထားကြောင်း သိရသည်။


တွံတေးမြို့နယ်
မျိုးလှိုင်(တွံတေး)


တီးတိန်မြို့
မြို့နယ်(ပြန်/ဆက်)


အင်္ဂပူမြို့နယ်
မန်းကျော်(ပြန်/ဆက်)


တနိုင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မင်းဘူးမြို့
ဇေယျာနိုင်(ရွှေကန်မြေ)


ကော့သောင်းမြို့
ခရိုင်(ပြန်/ဆက်)


ဟားခါးမြို့
ခရိုင်(ပြန်/ဆက်)


ကျောက်ဆည်မြို့နယ်
သက်မောင်(ကျောက်ဆည်)


ကျောက်တံခါးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


နတ်တလင်းမြို့နယ်
ဝေယံဖြိုး(ပြန်/ဆက်)


လောင်းလုံးမြို့နယ်
သိန်းသိန်း(လောင်းလုံး)


ဆိပ်ဖြူမြို့နယ်
သူရိန်(ဆိပ်ဖြူ)


ဇေတုတ္တရာမြို့နယ်
ဇာဇာငြိမ်း(ပြန်/ဆက်)


အောင်လံမြို့နယ်
မျိုးသိန်း(ပြန်/ဆက်)


ဂန့်ဂေါမြို့နယ်
မောင်မျိုးမင်း


ထန်းတပင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မြန်အောင်မြို့နယ်
ဝင်းဇိုလ်(ပြန်/ဆက်)


ပခုက္ကူမြို့နယ်
ကယ်ရီမောင်

# နမ့်စန်ခွဲ (၅၉)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**နမ့်စန်(တ) အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ (၅၉)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲကြီးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက အမှတ် (၄)ရပ်ကွက် မြို့မအခြေခံပညာအထက်တန်းကျောင်းရှေ့မှတစ်ဆင့် မြို့တွင်းပြည်ထောင်စုလမ်းမကြီးတစ်လျှောက် စည်ကားသိုက်မြိုက်စွာကျင်းပရာ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ် တက်ရောက်အားပေးသည်။

ယင်းသို့လောင်းလှူရာတွင် ဗုဒ္ဓရုပ်ပွားတော်အား ရှေ့ဆုံးမှပင့်ဆောင်၍ သံဃသမ္မုတိ ဆရာတော်သုံးပါးနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ငါးပါးတို့မှ ဦးဆောင်ကာ မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၆၉ တိုက်မှ ဆရာတော်သံဃာတော်များ၊ ရှင်သာမဏေများနှင့် မယ်သီလရှင်များ စုစုပေါင်း အပါး ၁၀၀၀ ကျော်က အမှတ်(၄)ရပ်ကွက် မြို့မအထကကျောင်းရှေ့မှစတင်ကာ အမှတ်(၂)ရပ်ကွက် အထက(နမ့်စန်)ကျောင်းရှေ့အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွရောက်တော်မူခဲ့ကြပြီး ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ နမ့်စန်တပ်နယ်မှ တပ်မိသားစုများ၊ မြို့သူမြို့သားများ၊ ဈေးသူဈေးသားများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံတို့ကို မြို့လုံးကျွတ်စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူခဲ့ကြသည်။

မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် ဆရာတော်အရှင်သူမြတ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်း၍ အေးချမ်းစွာ အလှူခံကြွနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့များ၊ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူသိုလ်ပြု ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သူရအောင်(နမ့်စန်)**

## ကြို့ပင်ကောက်တွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ ရွေးကောက်ပွဲတာဝန်ခံနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကြို့ပင်ကောက် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို အောက်တိုဘာ ၈ ရက်က ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲတာဝန်ခံ ဦးအောင်မြင့်လွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။



ပဲခူး တိုင်းဒေသကြီး ရွေးကောက်ပွဲတာဝန်ခံ ဦးအောင်မြင့်လွင်နှင့်အဖွဲ့သည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်စိုးနှင့် အဖွဲ့ဝင်များ၊ မဲစာရင်း လာရောက်ကြည့်ရှုသူ ပြည်သူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စိစစ်ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်များ၏ ပုံစံ -၃ ဖြင့် လျှောက်ထားမှုများကို မဲစာရင်းတွင် အချိန်မီဖြည့်သွင်းပေးနိုင်ရန်၊ ထောင်ကျနေသူများနှင့် သေဆုံးသူများအား ပုံစံ ၄ ဖြင့် ဖျက်ပြီး မဲစာရင်းတွင်မပါရှိရေး အလေးထားဆောင်ရွက်ရန်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့မှ ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြို့ပင်ကောက်မြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၀ ၌ မဲရုံပေါင်း ၇၁ ရုံ၏ မဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၇၀၃၈၅ ဦး၏စာရင်းအား ကပ်ထားကြေညာပေးထားပြီဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ ခုနစ်ခုမှ ကိုယ်စားလှယ်လောင်း ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ဇေယျာထွန်း(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ကျေးသီး အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများ၊ ကလေးသူငယ်များအား ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ လက်ဝယ်အရောက် အခမဲ့ကွင်းဆင်းငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက သုတ၊ ရသစာအုပ်များယူဆောင်၍ စာဖတ်ပရိသတ်များထံမှ ယခင်ငှားရမ်းထားသော စာအုပ်၊ စာစောင်များ အပ်နှံမှုကို ပြန်လည်လက်ခံခြင်း၊ စာအုပ်စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြင့် စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအတွက် စာအုပ်၊ စာပေများ လေ့လာဖတ်ရှုခွင့်ရရှိကြပြီး ယခင်ငှားရမ်းထားသော စာအုပ်များကိုလည်း ပြန်လည်အပ်နှံနိုင်ရေးနှင့် စာအုပ်အသစ်များ ထပ်မံငှားရမ်းနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း



မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## သဃ်န်းကျွန်းမြို့နယ်၌ ပြည်သူများအား Smart Card များ ထုတ်ပေးလျက်ရှိ



**သဃ်န်းကျွန်း အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဦးဘဟန်လမ်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး သဃ်န်းကျွန်းမြို့ရုံးတွင် မြို့နယ်အတွင်းရှိပြည်သူများအား Smart Card (Biomertric Card) များကို မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိဦးဝင်းနိုင်ထွေးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ထုတ်ပေးလျက်ရှိသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ နိုင်ငံအတွင်း နေထိုင်သူ အသက် ၁၀ နှစ်အထက်ရှိသူများအား Electronic စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ (Biographic Data)နှင့် ဇီဝအချက်အလက်များ (Biometric Data) များကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း ၁၀ လုံးပါရှိသည့် UID (Unique Identity Number) သတ်မှတ် ထုတ်ပေးလျက်ရှိရာ Biographic/ Biometric အချက်အလက်များ မှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပေးထားသော အထောက်အထား လက်မှတ်တစ်ခုခုကို တစ်ပါတည်း ယူဆောင်လာရန် လိုအပ်ကြောင်း သိရသည်။

Smart Card များကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေပိုင်းအထိ လျှောက်ထားသည့် ပြည်သူများအား ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **ဇော်မိုး(သဃ်န်းကျွန်း)**

## MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း နည်းပြသင်တန်းနှင့် စက်ကိုင်သင်တန်းဖွင့်လှစ်



**ကသာ အောက်တိုဘာ ၈**

ကသာမြို့နယ်၌ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း နည်းပြသင်တန်းနှင့် စက်ကိုင်သင်တန်းတို့ကို ယနေ့နံနက်ပိုင်းက ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် ရွေးကောက်ပွဲ၌ MEVM မဲပေးစက်ကိုင်တွယ်အသုံးပြုမည့် ဝန်ထမ်းများအား MEVM မဲပေးစက်များ Installation ပြုလုပ်ခြင်း၊ စက်များကို ကိုင်တွယ်အသုံးပြုနည်းများ၊ မဲပေးစက်များကြိုတင်ပြင်ဆင်ခြင်းနှင့် ဆန္ဒမဲပေးမည့်နေ့တွင် မဲပေးစက်များ အသုံးပြုဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ Video Conferencing ဖြင့် ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မြန်မာအီလက်ထရောနစ်မဲပေးစနစ်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာနည်းပညာအထောက်အကူပြုအဖွဲ့ဝင်များ၊ မဲပေးစက်ကိုင်တွယ်အသုံးပြုမည့်ဝန်ထမ်းများ စုစုပေါင်း ၁၂၉ ဦးတက်ရောက်ကြကြောင်းနှင့် သင်တန်းကို အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသ

**စေတုတ္တရာ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့နံနက် ၉ နာရီခွဲက စေတုတ္တရာမြို့နယ်မိခင်နှင့် ကလေးဌာနရုံး၌ ဆောင်ရွက်သည်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးကိုကိုဇင်နှင့် ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့်လိုအပ်သည့် ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးသည်။



အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေးခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **ဇာဇာငြိမ်း(ပြန်/ဆက်)**

## ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါဝေဒနာရှင်ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်

**သဲကုန်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ရပ်ကွက်များနှင့် ကျေးရွာများအတွင်းရှိ သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါဝေဒနာရှင် ပြည်သူများအား



မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုများကို မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် စစ်ဆေးကုသပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ ဆီးချိုသွေးချိုရောဂါအတွက် သွေးဖောက်စစ်ဆေးပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ သဲကုန်းမြို့နယ်အတွင်းရှိ မကူးစက်တတ်သောရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချိုဝေဒနာရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနခွဲများတွင် သွားရောက်၍ စမ်းသပ်စစ်ဆေး ဆေးကုသမှုခံယူခြင်းတို့ကို အခမဲ့ဆောင်ရွက်နိုင်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ



**သဃ်န်းကျွန်း အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ယနေ့နံနက်ပိုင်းက မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ရောဂါကာကွယ်ဆေးတိုက်ကျွေး၊ ထိုးနှံခြင်းကို သဃ်န်းကျွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး ဝန်ထမ်းများက ဂရုတစိုက် ထိုးနှံပေးခဲ့သည်။

ရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံ၊ တိုက်ကျွေးခြင်းကို လစဉ် ၁ ရက်နေ့မှစတင်ပြီး အခြားကာကွယ်ဆေးများကို အပတ်စဉ်ကြာသပတေးနေ့တွင် ထိုးနှံပေးကြောင်း သိရသည်။ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရာတွင် မွေးကင်းစအရွယ်၊ အသက်လေးလ၊ အသက်ခြောက်လ၊ အသက်ကိုးလနှင့် တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် ထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောအောင်ရွှေဖြူ၏ ဦးဆောင်မှုဖြင့် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဇော်မိုး(သဃ်န်းကျွန်း)**

## မင်းလှမြို့နယ်ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေး

**အထက်မင်းလှ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့ နံနက်ပိုင်းက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဝီရအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေး



လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



## ကျွန်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကျွန်းလှ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို အောက်တိုဘာ ၈ ရက်က သက်ဆိုင်ရာကျေးရွာစုရပ်များ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဦးရဲမင်းသော်က မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စမ်းသပ်ပေးမှုအဆင့်ဆင့်တို့ကို ရှင်းလင်း၍ ကျေးရွာနေပြည်သူများက လက်တွေ့စမ်းသပ်မဲပေးကြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
   (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
   (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
   (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ မဲဆန္ဒရှင်စာရင်းများအား ပြည်သူများ ကြည့်ရှု

**ဖြူး အောက်တိုဘာ ၈**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ပါ မပါသိရှိစေရေး ကြေညာထားလျက်ရှိရာ အောက်တိုဘာ ၈ ရက်က မဲဆန္ဒရှင်စာရင်းများအား မဲဆန္ဒရှင်ပြည်သူများ ကြည့်ရှုကြသည်။

ဖြူးမြို့နယ်အတွင်း ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ အုပ်ချုပ်ရေးမှူးရုံးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့တွင် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ အောက်တိုဘာ ၁၃ ရက်အထိ ၁၄ ရက်ကြာ မဲဆန္ဒရှင်စာရင်းများကြေညာထားကြောင်းနှင့် မဲဆန္ဒရှင်အမည်စာရင်းတွင် မိမိအမည်မပါရှိပါက မဲစာရင်းတွင်ပုံစံ (၃) ဖြင့်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းအချက်အလက်များ မှားယွင်းနေပါကပုံစံ(၄-က)ပြင်ဆင်လွှာတင်သွင်းခြင်း၊ လိုအပ်သောပုံစံများကို



သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ဖျာပုံမြို့နယ်၌ မဲစာရင်း ကပ်ထားကြေညာထားမှု ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်လံကြည့်ရှု

**ဖျာပုံ အောက်တိုဘာ ၈**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် မြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ၏ မဲစာရင်းများ ကပ်ထားကြေညာထားမှုကို ယနေ့ နေ့လယ်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါမဲစာရင်းကပ်ထားကြေညာထားမှုအား လိုက်လံကြည့်ရှုရာတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ဖျာပုံခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန့်ဇင်လတ်၊ ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းဦး၊ ဖျာပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဖျာပုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့်အဖွဲ့ဝင်များက ဖျာပုံမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာသည့် မဲစာရင်းတွင် အမည်စာရင်း မပါဝင်သူများက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းပေးရန် တောင်းခံခြင်း၊ မပါဝင်သင့်သူများအား ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းနှင့် မဲစာရင်းပါ အချက်အလက်များ မှားယွင်းမှုများအား ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေး၊မဲစာရင်းတွင် ပါဝင်နိုင်အောင် သေချာစွာစိစစ်ဆောင်ရွက်ရန်လိုကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ကိုကိုးကျွန်းမြို့နယ်၌ ကျောင်းသားလူငယ်များ ပုံပြောပြိုင်ပွဲကျင်းပ

**ကိုကိုးကျွန်း အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ပုံပြောပြိုင်ပွဲကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ပြိုင်ပွဲများ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ကျောင်းသားလူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာများ၊ အတွေ့အကြုံ ဗဟုသုတများရရှိစေရန် ပြိုင်ပွဲများကို ပြုလုပ်ပေးနေခြင်း ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့ဌာနမှ ပြုလုပ်ပေးသည့် ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုံပြောပြိုင်ပွဲကို ကျင်းပရာ ခေတ်သစ်ပုံပြင်များ စာအုပ်မှ မေမေပြောသောပုံပြင်များခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၂ ဦး ရှိသည်။ အဆိုပါပုံပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**




## ပခုက္ကူ၌ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး၊ မီးငြိမ်းသရုပ်ပြ

**ပခုက္ကူ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ် ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များထံ ကွင်းဆင်း၍ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့် ရေစင်များကို ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မိုင်းယောင်းမြို့၌ တိုင်းယောင်းရိုးရာ ဆင်ဆွဲပွဲတော် ကျင်းပ



**မိုင်းယောင်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ နှစ်စဉ်နှစ်တိုင်း ကျင်းပလှူဒါန်းသည့် တိုင်းယောင်းရိုးရာ ဆင်ဆွဲပွဲတော်ကို အောက်တိုဘာ ၇ ရက်က ဟိုခုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

မိုင်းယောင်းမြို့၌ ဒေသခံတိုင်းရင်းသားများသည် ဘဝသံသရာအတွက် ကောင်းမှုကုသိုလ်အဖြစ် ဆင်ရုပ်များပြုလုပ်ပြီး သံဃာတော်များအား စာရေးတံမဲချ၍ လှူဒါန်းခြင်းဖြစ်သည်။ ရှမ်းပြက္ခဒိန်နှစ်အရ အောက်တိုဘာ ၇ ရက်သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်နှင့်အညီ ဇောဓိရွှေညောင်ပင်၊ ဈာန်ရကိုရင်ကြီးတောရကျောင်း၊ ဓာတ်လုံစေတီတော်ကြီးအပါအဝင် တန်ခိုးကြီးဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ကျောင်းကုန်းမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**ကျောင်းကုန်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးကို ယနေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးကြသည်။

ယခုအခါ မိုးအကုန် ဆောင်းအကူး ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်း မီးသတ်ဆေးဘူးများထားရှိရေး၊ ဈေးဆိုင်ခန်းများတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ပေါက်ပြဲမှုရှိ မရှိ ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးကြသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လျှပ်စစ်ကျွမ်းကျင်(၄) ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့မဈေးကော်မတီဝင်များက စစ်ဆေးကြပြီး မြို့မဈေးကြီး(သီးသန့်) မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်စက်နှင့် မီးသတ်ပိုက်များ ကောင်းမွန်မှု ရှိ မရှိ၊ ရေပိုက်ငုပ်များ ကောင်းမွန်မှု ရှိ မရှိ၊ မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာရရှိမှုတို့ကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပျဉ်းမနား အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ဆင်သေကျေးရွာအုပ်စု ကွက်သစ်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ကြရန်၊ မီးခိုးမြူငွေ့အန္တရာယ်နှင့် ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်အောင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများက အသိပညာပေးဆွေးနွေးဟောပြောသည့်အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ဖြေကြားပေးပြီး မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်



များကို ဖြန့်ဝေပေးသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## စေတုတ္တရာမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**စေတုတ္တရာ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးသတိပေးနှိုးဆော်ဆောင်ရွက်



ခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များတွင် လှည့်လည်အသိပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းလင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ လမ်းများတွင် လှည့်လည်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးကြွင်း၊ မီးကျန်များကို သေချာစွာငြိမ်းသတ်ရန်၊ မီးချိတ်၊ မီးကပ်၊ သဲ၊ လေ့ကားနှင့် ရေများကို မီးသတ်ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ထားရှိရန်၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များအား မီးသုံးစွဲခြင်းမပြုရန် စသည့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရပ်ကွက်များသို့ လှည့်လည်မီးသတိပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူတို့အား ဖော်ထုတ်ဖမ်းဆီး



ပြစ်မှုကျူးလွန်သူ
အောင်ခန့်ကျော်ဇင်



ပူးပေါင်းပါဝင်သူ
အေမွန်အောင်



**နေပြည်တော် အောက်တိုဘာ ၈** ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ် တစ်ဦးအား ရက်စက်စွာ သတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူတို့ကို ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ် (၁၁) ရပ်ကွက်ရှိ 32nd Beauty Land Hotel (၅) လွှာ အခန်းအမှတ် (၅၀၂) ပြတင်းပေါက် အပြင်ဘက် Air Con Outdoor နှစ်ခုကြားရှိ အမှိုက်အိတ်အတွင်း၌ သေဆုံးနေသည့် အမျိုးသမီးတစ်ဦးတွေ့ရှိရကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပလတ်စတစ်အမှိုက်အိတ်အတွင်း၌ သတ်ဖြတ်ခံထားရပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူထားခြင်း ခံထားရသည့် အသက် (၂၀) နှစ်ခန့် အမည်မသိ အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ရှိရသဖြင့် ပန်းဘဲတန်းမြို့မ ရဲစခန်း (ပ)၉၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ – ၃၀၂ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်နေ မစုမြတ်ဝင်း (၂၃)နှစ်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများမှာ သာကေတမြို့နယ်အမှတ်(၇)အရှေ့ရပ်ကွက်နေ အောင်ခန့်ကျော်ဇင် (၁၈) နှစ်နှင့် ၎င်း၏ရည်းစားဖြစ်သူ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာနေ အေမွန်အောင် (၁၈)နှစ်တို့ဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှစ်ဦးကို အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အောင်ခန့်ကျော်ဇင်၏ နေအိမ်မှ ပြစ်မှုကျူးလွန်စဉ် ၎င်းဝတ်ဆင်အသုံးပြုခဲ့သည့် အဝတ်အစားများ၊ စတီးဓား နှစ်ချောင်း၊ သေဆုံးသူကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတစ်လုံးအပါအဝင် လက်ကိုင်ဖုန်းသုံးလုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံ အောင်ခန့်ကျော်ဇင်၏ ထွက်ဆိုချက်အရ ၎င်းသည် ဂိမ်းအလွန်အကျွံကစားခြင်း၊ လူသတ်အလောင်းဖျောက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲများကို အလွန်အကျွံကြည့်ရှုလေ့ရှိပြီး အောက်တိုဘာ ၅ ရက်တွင် LEADER အမည်ရှိ Telegram Channel မှတစ်ဆင့် မစုမြတ်ဝင်းအား ပျော်ပါးရန်အတွက်အခကြေးငွေဖြင့်ဆက်သွယ်ခေါ်ယူခဲ့ပြီး ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel အခန်းအမှတ် (၅၀၂) ၌ ပျော်ပါးနေစဉ် ၎င်းကြည့်ရှုခဲ့သည့် လူသတ်အလောင်းဖျောက် နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများမှ ဇာတ်ဆောင်များအတိုင်း မစုမြတ်ဝင်းအား အသင့်ဆောင်ထားသည့် စတီးဓားနှစ်ချောင်းဖြင့် ရက်စက်စွာသတ်ဖြတ်ပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူကာ စွန့်ပစ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ၎င်း၏ ရည်းစားဖြစ်သူ အေမွန်အောင်ကို အဆိုပါဟိုတယ်သို့ ခေါ်ဆောင်ကာ အခန်းအတွင်း ပေကျံနေသည့် သွေးများ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ မစုမြတ်ဝင်း၏ အလောင်းအား ဖျောက်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အတွက် အမျိုးသမီးတစ်ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် အောင်ခန့်ကျော်ဇင်နှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သူ အေမွန်အောင်တို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်ပွားခဲ့သည့် 32nd Beauty Land Hotel ကိုလည်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တာချီလိတ်မြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်များကို တရားမဝင်သယ်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၈** ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ အောက်တိုဘာ ၆ ရက်က လိုင်စင်မဲ့ဆိုင်ကယ်များကို တရားမဝင်သယ်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၈ နာရီတွင် တာချီလိတ်မြို့နယ် ဟောင်လိတ်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မယ်ဆိုင်ရေချောင်းဘေး အရောက်၌ တာချီလိတ်မြို့ ရန်အောင်မြေ ရပ်ကွက်နေ ဝင်းကိုကို (ခ) တင်မောင် (၄၃) နှစ်အား Honda Wave i 110 အမျိုးအစားပါ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီးနှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါဆိုင်ကယ်များကို ထိုင်းနိုင်ငံမှ တရားမဝင် သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝင်းကိုကို (ခ) တင်မောင်အား ဟောင်လိတ် နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး နှစ်ဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၈** နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ အောက်တိုဘာ ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၁၂ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် တော်ဝင်ရတနာလမ်းနှင့် ပဒုမ္မာလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ တော်ဝင်ရတနာ လမ်းအတိုင်း စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်ဘက်မှ ရွှေကြာပင်မီးပွိုင့်ဘက်သို့ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေသူများဖြစ်သည့် မဆုစန္ဒီထက် (၂၅) နှစ် မောင်းနှင်ပြီး မနှင်းဝေလှိုင် (၂၉)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ တော်ဝင်ရတနာလမ်း၏ ဝဲဘက်ရှိ ပဒုမ္မာလမ်းသွယ်ဘက်သို့ ယာဉ်ကြောမရှင်းဘဲ ချိုးကွေ့မောင်းနှင်စဉ် တော်ဝင်ရတနာ လမ်းအတိုင်း မျက်နှာချင်းဆိုင်ဘက်မှ ထန်းတပင်ကျေးရွာနေ ဦးမျိုးနိုင်ဦး(၃၄)နှစ် မောင်းနှင်လာသည့် MDY–12 4G/----- Hilux Vigo ယာဉ်နှင့် တိုက်မိခဲ့သဖြင့် မဆုစန္ဒီထက်နှင့် မနှင်းဝေလှိုင်တို့ နှစ်ဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သောကြောင့် မဆုစန္ဒီထက်အား ဇမ္ဗူသီရိမြို့နယ် အမှတ် (၁) မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

○ *ကျောဖုံးမှ*

ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် အဲဗာတန်အသင်းအတွက် ပွဲပေါင်း ၁၂၈ ပွဲ ပါဝင်ကစားထားသည်။

တာကောစကီးသည် ယခုနှစ်ရာသီ အဲဗာတန်အသင်း၏ ပရီမီယာလိဂ် ခုနစ်ပွဲတွင် ခုနစ်ပွဲစလုံး ပွဲထွက်ကစားခွင့် ရရှိထားသူဖြစ်သည်။ ဒေးဗစ်မိုယက်စ်၏ အဲဗာတန်အသင်းသည် ပရီမီယာလိဂ်တွင် ခုနစ်ပွဲ ကစားပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် အမှတ်ပေးဇယား အဆင့် ၈ တွင် ရပ်တည်နေသည်။

အဲဗာတန်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံ ငါးပွဲတွင် တစ်ပွဲသာနိုင်ပွဲရရှိထားပြီး နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ် ရရှိထားသည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

ကန်ရေပြည့်ရေလှောင်ပမာဏသို့ ရောက်ရှိနေကာ ရေကင်းအဖွဲ့များဖြင့် အချိန်ပြည့်စောင့်ကြည့်လျက်ရှိ၍ တူးမြောင်းမကြီးနှစ်ခုမှ ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် တစ်ရက်လျှင် ၄၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသည်။

"အခုလို မိုးကုန်ကာလဆိုရင် ရေလှောင်တမံ ရေပြည့်နေပါပြီ။ ဒီလိုအချိန်မှာ နေ့စဉ်လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီးတော့ မဟာဓာတ်အားလိုင်းထဲကို ပို့လွှတ်ပေးနေပါတယ်။ ရေလှောင်တမံကို ရေကင်းတွေက အမြဲစောင့်ကြည့်နေပြီး လက်တံမြောင်းကြီးတွေကနေ ချောင်းထဲကို ရေတွေ ထုတ်နေပါတယ်။ ဒီဇင်ဘာလကုန်တာနဲ့ လက်ဝဲ၊ လက်ယာ မြောင်းတွေကနေ ဖြူးမြို့ကနွေစပါး စိုက်ခင်းတွေအတွက် ရေပို့လွှတ်သွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဖြူးရေလှောင်တမံ တာဝန်ခံက ပြောသည်။

ဖြူးချောင်းရေလှောင်တမံအတွင်းသို့ ပဲခူးရိုးမ အနောက်ခြမ်း တောင်တန်းများ၊ ပဲခူးရိုးမ ဘေးမဲ့တောနှင့် စိမ့်စမ်းများမှ ရေစီးဝင်မှုကို ထိန်းသိမ်းသိုလှောင်ထားပြီး ရေလှောင်တမံမှ သိုလှောင်ရေကို ဖြူးမြို့နှင့် ဇေယျာဝတီမြို့နယ်တို့မှ တောင်သူများ၏ စိုက်ခင်းများထံ ပေးဝေလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ–ဖြူးချောင်းရေလှောင်တမံ**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ဘားအံမြို့နယ် ကော့ကဒါကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၅၉၁ ဂါလန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၇၃၄၅၂) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ပဲခူးမြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။





အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၇၃ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၄၆၈၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shwe Thway Highway Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) နှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၄၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၈၇၀၂၅၂)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ်အား လုယက်ယူဆောင်ခဲ့သူ နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ်ကို လုယက်ယူဆောင်ခဲ့သူ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီတွင် သာကေတမြို့နယ် အမှတ် (၃) ရန်ပြေရပ်ကွက် ရန်ပြေ (၁၈) လမ်းနေ ဦးစံသိန်း (၅၆) နှစ်သည် ၎င်းမောင်းနှင်သည့် YGN-21 BB/8983 TOYOTA PROBOX အမျိုးအစား အဖြူရောင်(အငှား) ယာဉ်ဖြင့် ထွက်ခွာသွားပြီး ည ၉ နာရီအထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ၎င်း ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းမှာလည်း စက်ပိတ်ထားသောကြောင့် ကူညီစုံစမ်းပေးပါရန် သာကေတမြို့မ ရဲစခန်းသို့ ဆက်သွယ် အကူအညီတောင်းခံလာသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရဲစခန်းအချင်းချင်း ချိတ်ဆက်၍ စုံစမ်းရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု အလယ်ရွာကျေးရွာ သီလဝါခြောက်လမ်းသွား ကားလမ်း မိုင်တိုင်အမှတ် ၈ မိုင် ၇ ဖာလုံနှင့် ၉ မိုင်အကြား လမ်းဝဲဘက်ခြမ်း အမှိုက်ပုံ၌ ဦးစံသိန်းအား ထိုးသွင်းဒဏ်ရာ ၃၁ ချက်ဖြင့် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့သောကြောင့် သန်လျင်မြို့မရဲစခန်း (ပ) ၃၅၅ / ၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာတောင်ဘက်ကွင်းနေ ထက်ရှိုင်းဇော်(၁၇)နှစ် နှင့် သုံးခွမြို့နယ် ပုလဲစံပြကျေးရွာ အဆောင်နေ သက်ဝေဦး (၁၇) နှစ် တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့်ဖမ်းဆီးရမိနိုင်ရေးဆက်လက်ဆောင်ရွက်ခဲ့ရာ ထက်ရှိုင်းဇော်ကို အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီတွင် အမှုထမ်းရပ်ကွက်ရှိ ဓမ္မရောင်ခြည် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် TOYOTA PROBOX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဝေဦးကို ယင်းနေ့ည ၈ နာရီ မိနစ် ၅၀ တွင် ၎င်းနေထိုင်သည့် အဆောင်မှ ဖမ်းဆီးရမိခဲ့သည်။



ထက်ရှိုင်းဇော်



သက်ဝေဦး




ပြစ်မှုကျူးလွန်သူနှစ်ဦးအား ၎င်းတို့စွန့်ပစ်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



ဖြစ်စဉ်မှ ပြန်လည်သိမ်းဆည်းရရှိသည့် သက်သေခံယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့ နှစ်ဦးသည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားပွဲ၌ အရက်သေစာ သောက်စားမူးယစ်ပြီး ဦးစံသိန်းမောင်းနှင်သည့် အငှားယာဉ်ကို စီးနင်းခဲ့ကြောင်း၊ သန်လျင် - ကျိုက်ခေါက် ဘုရားကားလမ်း ဆည်မြောင်းခုံးထိပ်အနီးအရောက် ယာဉ်မောင်းက ယာဉ်စီးခ တောင်းခံခြင်းနှင့် ပတ်သက်၍ စကားများပြီး ထက်ရှိုင်းဇော်မှ ယူဆောင်လာသည့် ကတ်ကြေးဖြင့် ထိုးရာ ယာဉ်မောင်းမှ ဝက်အူလှည့်ဖြင့် ပြန်လည်ခုခံ တိုက်ခိုက်ခဲ့သဖြင့် သက်ဝေဦးက အဆိုပါဝက်အူလှည့်ကို လုယူ၍ ပြန်လည်ထိုးခဲ့ကြောင်း၊

ယာဉ်မောင်း သေဆုံးသွားသည့်အခါ ထက်ရှိုင်းဇော်က အဆိုပါယာဉ်ကို မောင်းနှင်လာခဲ့ပြီး သီလဝါခြောက်လမ်းသွားလမ်းပေါ်အရောက်၌ ယာဉ်မောင်း၏ အလောင်းကို စွန့်ပစ်ခဲ့ကာ ယာဉ်နံပါတ်ပြားများနှင့် အခြားဆက်စပ်ပစ္စည်းများကို စစ်ပင်ကွင်းကျေးရွာအနီး၌ စွန့်ပစ်ခဲ့ကြောင်း ဖော်ထုတ် သိရှိရသည့်အတွက် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စစ်ပင်ကွင်းကျေးရွာအနီး ချောင်းသစ်ကွင်းမှ မော်တော်ယာဉ်နံပါတ်ပြား နှစ်ခု၊ အဆိုပါယာဉ်နှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊ ဦးစံသိန်း ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်း တစ်လုံးနှင့် အရိုးအသွား ခြောက်လက်မခွဲခန့်ရှိ ဦးချွန်ကတ်ကြေး တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ထို့သို့ အငှားယာဉ်မောင်းကို သတ်ဖြတ်ကာ မော်တော်ယာဉ်အား လုယက်မှုကျူးလွန်ခဲ့သူ ထက်ရှိုင်းဇော်နှင့် သက်ဝေဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ဓားဦးချွန်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တို့၌ အောက်တိုဘာ ၇ ရက်က ဓားဦးချွန်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၁၂ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နှစ်ကျိပ်ရစ်ဆူ သီတင်းကျွတ် ဘုရားပွဲလှည့်လည်ဖျော်ဖြေရေးပွဲအား လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာနေ သန့်ဇင်လတ် (၃၅)နှစ်အား အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန် ကိုင်ဆောင်ထားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်း (ပ) ၈၂/၂၀၂၅၊ လက်နက်ဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့နယ် သဲကုန်းကျေးရွာနေ ကျော်ထက်(၄၆)နှစ်အား အရိုးအသွား ၈ လက်မခန့်ရှိ ဓားဦးချွန်ကိုင်ဆောင်ထားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေ ရဲစခန်း (ပ)၈၃/၂၀၂၅၊ လက်နက်ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာနေ လင်းလင်း (၃၀) နှစ်အား အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်ကိုင်ဆောင်ထားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေ ရဲစခန်း (ပ)၈၄/၂၀၂၅၊ လက်နက်ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

အလားတူ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် အမရပူရမြို့နယ် အမရပူရမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဈေးချိုရပ်ကွက်၊ ထန်းတပင်(၅)ရပ်ရှိ လမ်းမပေါ်၌ လမ်းလျှောက်လာသူ အမရပူရမြို့နယ် ဈေးချိုရပ်ကွက်နေ ဝင်းမင်းထက် (ခ) ထက်ကြီး (၄၂) နှစ်အား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ၎င်း၏ ခါးကြားမှ အရိုးအသွား ၉ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝင်းမင်းထက် (ခ) ထက်ကြီးအား အမရပူရမြို့မရဲစခန်း (ပ)၃၂၉/၂၀၂၅၊ လက်နက်ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (က)၊ တုသိတာ (၁)လမ်း၊ မြေကွက်အမှတ် (၂၁၂)၊ အကျယ်အဝန်း (၃၆ပေ × ၆၀ပေ)ရှိ ဒေါ်ခင်မာညွန့် (၁၂/ရကန (နိုင်) ၀၁၉၅၇၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မာညွန့် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်အမှတ် (၄)၊ အခန်းအမှတ် (၂၃) ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်မဥ္ဇူလိုင် (၁၂/ဥကမ (နိုင်) ၀၀၇၇၃၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဈေးရန်ပိုင်အရှေ့ရပ်ကွက် (အလုံကြီးပိုင်း)၊ ဝေဘာဂီလမ်း၊ တိုက်အမှတ် (၂၆/A)၊ အခန်းအမှတ် (၄၈/B) (မြေညီထပ်+ထပ်ခိုး) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂.၅ပေ × ၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနှင်းထွေး (၁၃/ကတန (နိုင်) ၀၈၉၇၁၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃


# ကွန်ဟိန်းမြို့၌ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

**ကွန်ဟိန်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၌ (၅၇)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယမန်နေ့ နံနက် ၇ နာရီက ပြည်ထောင်စုလမ်းမကြီးပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် စစ်ဗျူဟာအခြေချ (ကွန်ဟိန်း) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းသုအောင်နှင့် ကွန်ဟိန်းတပ်နယ်မိသားစုများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းမိသားစုများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအပါအဝင် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင် ပြည်သူများက ကွန်ဟိန်းမြို့နယ်တွင်းရှိဘုန်းကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လောင်းလှူကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေ

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ


## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
ပြင်ဦးလွင်မြို့နယ် တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၈

ဦးအောင်ကိုကိုလတ် နှင့် ၁။ ဒေါ်သဲဆုဝင်း
၂။ ဒေါ်နှင်းဆုဝင်း
(တရားလို) (တရားပြိုင်များ)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်သူ့ဆေးရုံဝန်းနေ (၁)တရားပြိုင် ဒေါ်သဲဆုဝင်း (ဘ) ဦးဆုရ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ကိုကိုလတ် က **ငွေကျပ်သိန်းတစ်ရာ့ခြောက်ဆယ်တိတိရလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၁) ရက် ) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းမြတ်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## အမည်ပြောင်း

မန္တလေး တိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ SKK ကိုယ်ပိုင်အလယ်တန်းကျောင်း KG(သူငယ်တန်း)မှ စိုင်းထက်အောင်လင်း၏ အမည်မှန်မှာ စိုင်းအုပ်စိုးဟန် ဖြစ်ပါကြောင်း။

စိုင်းအုပ်စိုးဟန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး တိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရွဲသီးကျေးရွာနေ (ဘ) ဦးနီ၏သားဖြစ်သူအမည်မှာ ဦးအောင်ချမ်း (ခ) ဦးအောင်ရှမ်း ၉/ဝတန(နိုင်)၀၄၅၃၅၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ချမ်း(ခ) ဦးအောင်ရှမ်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/82437, Dayang 110M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၁၄/အမန (နိုင်)၁၁၅၉၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4610, Mitsubishi Canter FE 315B ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်နိုး ၈/ရစက(နိုင်)၁၇၂၇၇၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မိတ္ထီလာမြို့)


# ငဖဲမြို့နယ်၌ အသက် ၁၀၀ နှစ်အထက် အဘွား သုံးဦးအား အလှူငွေများ ထောက်ပံ့လှူဒါန်း

**ငဖဲ အောက်တိုဘာ ၈**

ငဖဲမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိကျေးရွာများမှ သက်ကြီးအဘွားသုံးဦးထံ သွားရောက်ထောက်ပံ့ ပေးအပ်သည်။ **(အောက်ပုံ)**

ထိုသို့ သွားရောက်ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အတွင်းရှိ အသက် ၁၀၀ နှစ်အထက် အဘွားများ ဖြစ်သည့် ဗိုလ်ကုန်းကျေးရွာမှ အဘွားဒေါ်ကျော့တင် ၁၀၁ နှစ်၊ စာတတ်ကူကျေးရွာမှ အဘွားဒေါ်စောကြည် ၁၀၆ နှစ်နှင့် ဆင်ချည်တိုင်ကျေးရွာမှ အဘွားဒေါ်ရင်ကြည် ၁၀၈ နှစ် စုစုပေါင်း သက်ကြီးအဘွား သုံးဦးတို့အား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း-၃ ဒေါ်သန္တာအောင်၊ ဒေါ်နှင်းနွယ်အောင်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့တို့က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသော ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)




## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် Community Water Filter နှင့် House Hold Water Filter များဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | - | ၉-၁၀-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူနေ့ရက်နှင့်အချိန်** | - | ၁၇-၁၀-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** | - | ၂၁-၁၀-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| ၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ(က)** | - | မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၁-၈၃၉၂၈-၃၀ (လိုင်းခွဲ-၁၁၉)၊ |

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ပတ်(စ်)ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂) နေ ကျန်ရှောက်ရှင်း(ဘ)ဦးယူဆိုင်(၁၃/လရန(နိုင်)၁၀၅၆၃၀)၏ပတ်(စ်)ပို့နံပါတ် (မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၅၈၅၉၀၉

## ဖခင်အမည်မှန်

မန္တလေး တိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြတ်မဟော်ကိုယ်ပိုင်အထက် တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မောင်ခန့်စည်သူမောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၉/မခန (နိုင်) ၁၇၄၈၅၁ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ အမှတ်(၃၇၄) ဆေးရုံလမ်း၊သိမ်ကုန်းရပ်ကွက်နေ ဦးဇော်မင်း၏ သား ကျွန်တော် ဇော်ဇော်မိုး ၁၀/သထန(နိုင်)၀၀၂၁၂၃ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၄၈၆၅၇

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၆) ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၇/၂၀၆နေ (ဘ) ဦးတင်ဝင်း၏သား မောင်သန့်ဇင် ၇/လပတ (နိုင်)၁၀၁၉၄၅၏ နိုင်ငံကူးလက်မှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၈၇၅၆၁

## ဖခင်အမည်မှန်

ခန္တီးမြို့၊ မြို့မရပ်ကွက် အ.ထ.က (ခွဲ) မြို့မ ကျောင်းဝင်အမှတ် ၀၄၇၀ Grade-12တွင် ပညာသင်ကြားနေသော မဇင်ဖြူဖြူကျော်၏ ဖခင်အမည်မှာ ကျောင်းထောက်ခံချက်အရ ဦးအလေး ဖြစ်နေပါသောကြောင့် အမည်မှန်မှာ ဦးအကေး ဖြစ်ပါသည်။

ဦးအကေး

## မိဘအမည်မှန်

ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက် အ.ထ.က(ခွဲ)မြို့မ ကျောင်းဝင်အမှတ် ၀၄၇၅ Grade-12တွင် ပညာသင်ကြားနေသော မဂ္ဂုန်ယော၏ မိဘအမည်မှာ ကျောင်းထောက်ခံချက်အရ ဦးပုံငေးနှင့်ဒေါ်ဟင်နှောင်း ဖြစ်နေပါသောကြောင့် မိဘအမည်မှန်မှာ ဦးပုံငဲနှင့်ဒေါ်ဟင်နောင်း ဖြစ်ပါသည်။

ဦးပုံငဲနှင့်ဒေါ်ဟင်နောင်း

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/1604 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

"ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ အမှတ်(၂)ရပ်ကွက်၊ တံတားဆင်းလမ်းမကြီး ဘေးရှိ(အလျား၈၄ x အနံ၃၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား လက်ရှိပိုင်ဆိုင်ထားပြီး အကျိုးခံစားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမင်းဝင်း (၁၄/ပသန(နိုင်)၁၇၁၅၂၆)မှ အာမခံထားရှိခြင်း၊ အခြားသူများထံတွင်ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းလှူဒါန်းထားခြင်းမရှိဘဲ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံတို့၏ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိခိုင် (LL.B)(စဉ်-၁၆၀၇၅) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၀၅၇၉၈


**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**


## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းနယ်မြေ(၄)နေ (ဘ) ဦးဝင်းနိုင် ၏ သမီးဖြစ်သူ မပန်းအိရွှေ(ခ)မပန်းအိ ၁၃/တယန(နိုင်)၀၇၈၈၇၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မပန်းအိရွှေ(ခ)မပန်းအိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
## ၂၀၂၅-၂၀၂၈ခုနှစ်သက်တမ်း အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်ကြေညာချက်ထုတ်ပြန်ခြင်း

ရက်စွဲ။ ၉.၁၀.၂၀၂၅

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် ကျင်းပပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (ဗ-၁၆/၂၂-၂၅) ဆုံးဖြတ်ချက်အရအသင်းချုပ်၏ ၂၀၂၅-၂၀၂၈ ခုနှစ်သက်တမ်းအတွက် အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်** - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၉:၀၀) နာရီ မှ မွန်းလွဲ (၁:၀၀) နာရီအထိ
**ကျင်းပမည့်နေရာ** - ကုန်သည်စက်မှုအသင်းချုပ်ရုံး(UMFCCI)၊ ပထမ ထပ်၊ မင်္ဂလာခန်းမ၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၂။ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်းကို အသင်းချုပ်၏ သက်တမ်းရှိ အသင်းသားတစ်ဦးချင်းစီထံသို့ အီးမေးလ်မှတစ်ဆင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပေးပို့ဖိတ်ကြားပြီးဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ပွဲတွင် သတ်မှတ်ချက်နှင့်ပြည့်စုံသော အသင်းသားများအနေဖြင့် ဆန္ဒမဲပေးခြင်းကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက် Online Registration ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ကြိုတင်မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။ အလုပ်အမှုဆောင်အဖြစ် အဆိုပြုရွေးချယ်ခံလိုသော အသင်းသားများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ ရုံးချိန်အတွင်း အသင်းချုပ်သို့ လာရောက်စာရင်းပေးသွင်း နိုင်ပါသည်။

၃။ အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး အသင်းချုပ် Website- www.umfcci.com.mm တွင် လေ့လာကြည့်ရှုနိုင်ပါသည်။ အသေးစိတ်စုံစမ်းသိရှိလိုပါက ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊ ဖုန်းနံပါတ် - ၀၉၇၇၆၉၉၉၉၂၀၊ ၀၉-၇၇၆၉၉၉၉၃၀ နှင့် ၀၉-၇၇၆၉၉၉၉၄၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

## ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ
## ရမည်းသင်းမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၅-၂၀၂၆)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း(သဘာဝဘေး)ရန်ပုံငွေဖြင့် ရမည်းသင်းမြို့နယ်၊ အင်တိုင်းကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာရှိ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံရေတိုက်စားခြင်းမှ ကာကွယ်ရန် လဲဖြူချောင်းအား မြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းအား လုပ်ငန်းတင်ဒါ ခေါ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၁၀-၂၀၂၅ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၂၃-၁၀-၂၀၂၅ရက် ညနေ (၁၆:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရမည်းသင်းမြို့

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၉-၉၇၁၃၉၄၁၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9006 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/16026, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝန်းကျော် ၁၃/ကတန(နိုင်)၀၇၄၀၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အလက (ခွဲ) ဟဲခမ်းရွာသစ်ကျောင်း G-2 မှ မဆောင်းရတီပိုင်၏ ဖခင်အမည်မှန်မှာ ဦးပိုင်ထက်သော်ထွန်း ၅/ဟမလ(နိုင်) ၁၁၅၈၇၄ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက (ခွဲ) ထုံမာတဲကျောင်း G-5မှ မအိချောပို၏ မိဘအမည်မှန်မှာ ဦးထွေးထွေးလွင် ၅/ဟမလ(နိုင်) ၀၈၃၃၇၀နှင့် ဒေါ်ယဉ်မွေး ၅/ဟမလ(နိုင်)၁၀၉၈၁၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၄၈-ခ၊ ထန်းတစ်ပင်သင်္ချိုင်းအကွက်၊ ဦးပိုင်အမှတ် - ၁၇၊ မြေအမျိုးအစား - မြို့မြေ၊ ပိုင်ဆိုင်ခွင့် (B)၊ ဧရိယာ (၀.၃၄၀)ဧက အတွင်းမှ ဧရိယာ (၀.၁၁၀) ရှိ ဆရာမ အဲနာဒင် အမည်ဖြင့် ထွက်ရှိသောမြေကို နော်အီမာ ထံမှ ကျွန်ုပ်၏မိတ်ဆွေ နော်တာပောက တရားဝင် ဝယ်ယူပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်။ ရောင်းချသူမှ ရောင်းချသူ၏တာဝန်ဖြစ်သော အဆိုပါ မြေကွက်နှင့်ပတ်သက်သည့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်နှင့် တစ်စုံတစ်ရာကန့်ကွက်လိုသူများ ရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေ နှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်ဝင်းလဲ့လဲ့ဌေး (စဉ် - ၁၇၁၂၃)**
**တရားလွှတ်တော်ရှေ့နေ လိုင်စင်ရသည့်နေ့ (၂၇-၁-၂၀၂၁)**
**အမှတ် (၄၉)၊ ယိုးဒယားကုန်းလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉-၄၀၃၁၃၆၅၁၁**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ ရပ်ကွက်(၁)၊ အုတ်ကျင်းနေ (ဦးမောင်မြင့်)-ဒေါ်မြင့်မြင့်သင်း တို့၏သမီး မယမင်းသူ ၁၃/ကမန(နိုင်)၁၄၁၀၇၅သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့် ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

